မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၅ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၆)

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ

ကချင်ပြည်နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်မှ ဂုဏ်ထူးခြောက်ဘာသာ၊ ငါးဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ *စာမျက်နှာ ၃ ကော်လံ ၁* ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်မှ ဂုဏ်ထူးခြောက်ဘာသာ၊ ငါးဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာသမိုင်းအဖွဲ့ကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၇/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော ''ပညာရေးဝန်ကြီးဌာန''ဆိုသည့် စကားရပ်ကို ''ယဉ်ကျေးမှုဝန်ကြီးဌာန''ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ)တို့တွင် ပါရှိသော ''တက္ကသိုလ်များသမိုင်းသုတေသနဌာန''ဆိုသည့် စကားရပ်ကို ''သမိုင်းသုတေသနဦးစီးဌာန''ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၉။ (က) ဝန်ကြီးဌာနသည် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနဦးစီးဌာနကို ဖွဲ့စည်းထားရှိရမည်။

(ခ) သမိုင်းသုတေသနဦးစီးဌာနသည် တက္ကသိုလ်များသမိုင်းသုတေသနဌာန၏ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်နှင့် ကြွေးမြီများကို ဆက်ခံရမည်။''

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေထုညစ်ညမ်းစေသော အကြောင်းတရားများ

အောင်သုတ၏ သတင်း အက်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ရေထုညစ်ညမ်းစေသော အကြောင်းတရားများအနက် ကမ္ဘာ့မြို့ရွာများမှ အညစ်အကြေးများနှင့် အမှိုက်သရိုက်များ စွန့်ပစ်မှုပါဝင်သည်။ ရေထုညစ်ညမ်းမှု (water pollution)သည် လေထုညစ်ညမ်းမှု (air pollution) နည်းတူပင် လူသား အပါအဝင် သတ္တဝါအားလုံးအတွက် သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေသည်။

လူတို့သည် ရေမရှိဘဲ အသက်မရှင်သန်နိုင်ပေ။ ''ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်''ဟူသော ဆိုရိုးစကားနှင့်အညီ လူသားတို့ အသက်ရှင်သန်ရန် ရေကောင်းရေသန့် လိုအပ်သည်။

ပေါကြွယ်ဝ

ကမ္ဘာ့ရေထုသည် ထုထည်အားဖြင့် ကုဗမိုင်ပေါင်း သန်း ၃၂၀ မျှရှိသည်။ ကမ္ဘာ့ရေထုတွင် လူသားတို့အတွက် ရိက္ခာဖြစ်စေသော ရေနေသတ္တဝါမျိုးစုံ၊ အဘက်ဘက်တွင် အသုံးဝင်သော ဓာတ်သတ္တုမျိုးစုံ၊ အဖိုးတန်သယံဇာတပစ္စည်းပေါင်းစုံ ပေါကြွယ်ဝသည်။

လူ့အကျိုးပြု ပင်လယ်သမုဒ္ဒရာများအပြင် မြစ်၊ ချောင်း၊ အင်းအိုင်များသည်လည်း လူတို့အသက်ရှင် ရပ်တည်ရေးအတွက် အထောက်အကူပြုသည်။

စာမျက်နှာ ၆ ကော်လံ ၄ ●

၂၀၀၆ ခုနှစ် ဩဂုတ်လက လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်တွင် ရေနံတင်သင်္ဘောမှ ရေနံယိုဖိတ်မှုကြောင့် ပင်လယ်ကမ်းခြေ၌ ညစ်ညမ်းလျက်ရှိသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး တိုင်းရင်းသားပြည်သူတို့နှင့် ဝိုင်းဝန်းလက်တွဲဖော်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄)ဖြစ်သော အနာဂတ်နိုင်ငံတော်ကိုဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပြီး ဖြစ်ပေသည်။

ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရာမှ စက်တင်ဘာ၂၃ရက်က အကျဉ်းသား ၉၀၀၂ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး အကျဉ်းစခန်းအသီးသီးမှ ပြန်လည်လွှတ်ပေးခဲ့သည်။

အကျဉ်းကျခံရသူများနှင့် ယင်းတို့၏မိသားစုများအတွက် ဝမ်းသာစရာသတင်းဖြစ်သည်။ ပြစ်ဒဏ်ကျ အကျဉ်းသားများအား နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် စီမံမှုတစ်ရပ်လည်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အကျဉ်းသားများအပေါ် လူမှုရေးအရ စာနာထောက်ထားခြင်း၊ ယင်းတို့၏မိသားစုအား ငဲ့ညှာပြီး စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်သည့် အကျဉ်းသားများအား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့ခြင်းဖြစ်သည်။

လွတ်ငြိမ်းသက်သာခွင့်ရရှိကြသူများသည် ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် တရားမျှတသောရွေးကောက်ပွဲတွင် အများပြည်သူတို့နှင့်အတူ နိုင်ငံတော်အကျိုးကို ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများသည် နိုင်ငံတော်၏ စေတနာမေတ္တာကို သိမြင်သဘောပေါက်ပြီး မိသားစုအကျိုး၊ မိမိဒေသအကျိုးအတွက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများတွင် မိမိတို့၏စွမ်းအားများကို အကျိုးရှိစွာအသုံးချ၍ တိုင်းရင်းသားပြည်သူတို့နှင့်အတူ အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် လက်တွဲဖော်ဆောင် သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာချီလိတ်ခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး

တာချီလိတ် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၂၀ရက် နံနက် ၉နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ ခရိုင်အသင်းနာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးက လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် အသင်း၏လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် အသင်းဝင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့်တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များက အလှူငွေကျပ် ၁၉၅၀၀၀၀ နှင့် ပရင်တာတစ်လုံးကို ပေးအပ်လှူဒါန်းပြီး ကျေးရွာအုပ်စုတို့မှ အသင်းဝင်အဆိုပြုလွှာအစောင် ၁၀၅၀ကိုပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးတင်ထွန်းက လက်ခံသည်။

ဆက်လက်ကျင်းပ

ဆက်လက်ပြီး အစီအစဉ်ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အစည်းအဝေးကို ရုပ်သိမ်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၅-၉-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၀၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၁၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၃)
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း-၃၁)

ကွမ်းခြံကုန်းမြို့နယ်၌ လူနေအိမ်များတည်ဆောက်ပြီးစီးမှုနှင့် ဆယ်မျိုးဆယ်ပေါင်သီးပင်စားပင် စိုက်ပျိုးထားမှု

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့အဝင်လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်များစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထို့နောက် ဝန်ကြီးသည် တော်ခရမ်းကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လေဘေးသင့် တော်ခရမ်းအရှေ့နှင့် တော်ခရမ်းအနောက်ကျေးရွာအုပ်စုများမှ ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စုများအား အလှူရှင်များ၏ လှူဒါန်းမှုကို တက်ရောက်အားပေးပြီး တော်ခရမ်းအုပ်စုအတွင်းရှိ ကျေးရွာများအတွက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့မှ လှူဒါန်းသည့် လှေများတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တော်ကူးအနောက်ကျေးရွာအုပ်စု၌ ကျင်းပသော တော်ကူးအရှေ့နှင့် တော်ကူးအနောက် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်းရပ်ကွက်၌ လေဘေးသင့်ပြည်သူများအတွက် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်လှူဒါန်းလျက်ရှိသော လူနေအိမ်များတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဆောက်လုပ်ပြီးနေအိမ်များနှင့် နေအိမ်ဝင်းအတွင်း ဆယ်မျိုးဆယ်ပေါင် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ် ကင်းဝေးရေး အသိပညာပေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၂၄

ရောဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကွပ်ကဲမှုဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးရေး လုပ်ငန်းကော်မတီက ကျင်းပသော ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၁ရက်က ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အသိပညာပေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်း ဥပဒေအရာရှိ ဦးမြင့်ဝင်း **(အောက်ပုံ)**၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းနှင့် မော်တော်ယာဉ်ဌာန ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဝင်းနိုင်တို့က ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး ဟောပြောကြသည်။

(၁၅၇)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် လှည်းကူးမြို့နယ် ဦးစီးဌာနမှူးရုံး၌ မှတ်ပုံတင်စာအုပ်များ၊ လုပ်ငန်းသုံးပုံစံများ ပြသထားရှိမှုနှင့် ဖိုင်တွဲများထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ရည်မှန်းချက်တာဝန်များအောင်မြင်ရေး စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့သို့သွားရောက်၍ လှည်းကူးမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံပြီး စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကာ လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်စာအုပ်များ၊ လုပ်ငန်းသုံးပုံစံများ ပြသထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ဖိုင်တွဲများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်တွဲကြိုးပမ်း

ထို့နောက် ဝန်ကြီးသည် ပဲခူးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်အောင် အစဉ်လေ့လာဆည်းပူး၍ လုပ်ငန်းများကို စနစ်တကျ အမှားမရှိအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်

ယင်းနောက် ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး သူရဦးသက်ဦးမောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် ဘန်ဒါဆီရီဘီဂါဝန်မြို့၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနယ်လ်၊ ဘိုလ်ကီးယား၊ မူအစ်ဇာဒင်၊ ဝါဒူလာ၊ အဗ်နီ၊ အယ်လ်မာဟွန်၊ ဆူလ်တန်၊ ဟာဂျီ၊ အိုမာ၊ အလီ၊ ဆိုင်ဖူဒင်၊ ဆအာဒူလ်၊ ခိုင်ရီဝါဒင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၄

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး H.E. Ms. Michelle SU-Wen Chan သည် ယမန်နေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စည်ပင်သာယာရေး ရေဆိပ်၌ကျင်းပသည့် ကချင်ပြည်နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ငါးသိန်းကို စိုက်ထည့်ပေးကြသည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်ရှိ အားကစားအသင်းအဖွဲ့များ၊ ဆေးရုံများ၊ ကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် အားကစားပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ ထောက်ပံ့ငွေများကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၃ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက ပီရူးနိုင်ငံအနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခြင်းများ ဖြစ်ပေါ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၄ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်(ရေဆင်း)	၀ဒသမ ၀၈လက်မ	**မြိတ်**	၂ဒသမ ၈၃လက်မ
ထားဝယ်	၁ဒသမ ၄၂လက်မ	**မင်းတပ်**	၁ဒသမ ၃၀လက်မ
ရန်ကုန်	၀ဒသမ ၂၃လက်မ		

စက်တင်ဘာ၂၅ရက် **(ယနေ့)** ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၂၅ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအများအားဖြင့် အသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း **"ဟာဂူပစ်"**သည် တရုတ်နိုင်ငံ နန်နင်းမြို့၏ အရှေ့တောင်ဘက် မိုင်၁၄၀ခန့်အကွာတွင် ဗဟိုပြုနေပြီး တရုတ်နိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ မုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

စိုက်ပျိုးမြေကေများ ဆားငန်ရေဝင်ရောက်မှုမရှိရေး တာပတ်ခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် စက်တင်ဘာ၁၅ရက်နံနက် ၁၁နာရီတွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လုလင်လှကျွန်း၌ မိုးစပါးတိုးချဲ့စိုက်ပျိုးမြေဧကများတွင် ဆားငန်ရေဝင်ရောက်မှုမရှိရေး တာပတ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လောင်းလုံးမြို့နယ် ကညံ့ကျွန်းကျေးရွာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဝမ်းစာ ဖူလုံပိုလျှံရေး၊ စပါးအထွက်တိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးရီးယား၌ နျူကလီးယားသဲလွန်စမတွေ့ကြောင်း အိုင်အေအီးအေ အကြီးအကဲပြောကြား

ဗီယင်နာ စက်တင်ဘာ ၂၄

ဆီးရီးယားနိုင်ငံ အယ်ခိုင်ဘာတွင် ယခုအထိ နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)အနေဖြင့် နျူကလီးယားပစ္စည်းရှိကြောင်း သဲလွန်စမတွေ့ရသေးဟု အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်ဘာရာဒေးက ဗီယင်နာမြို့၌ စက်တင်ဘာ ၂၂ရက်တွင် ပြောကြားလိုက်သည်။

မေတ္တာရပ်ခံထားသည့်အတိုင်း နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သော နောက်ထပ်သတင်းအချက်အလက်များကို ဆီးရီးယားက နောက်ထပ်မပေးကြောင်း အိုင်အေအီးအေ ကောင်စီအစည်းအဝေးတွင် မစ္စတာအယ်ဘာရာဒေးက ထောက်ပြသည်။

ဝင်ရောက်

၂၀၀၇ ခုနှစ် စက်တင်ဘာလက ဆီးရီးယားနိုင်ငံအတွင်း ကီလိုမီတာ ၁၀၀ကျော်အထိ အစ္စရေးလေတပ်က ဝင်ရောက်ပြီး ဆီးရီးယားနိုင်ငံ အယ်ခိုင်ဘာရှိ စက်ရုံတစ်ရုံကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့နောက် ယင်းဒေသတွင် ဆီးရီးယားတို့က နျူကလီးယားလက်နက် ထုတ်လုပ်နေသည်ဟု အစ္စရေးက ကြေညာသည်။

ငြင်းဆန်

သို့သော် ထိုစက်ရုံမှာ နျူကလီးယား အစီအစဉ်အတွက် မဟုတ်ကြောင်း ဆီးရီးယားက ငြင်းဆန်လျက်ရှိသည်။ ထို့ကြောင့် ဆီးရီးယားကို အိုင်အေအီးအေက စတင်စစ်ဆေးသည်။ ထပ်မံရှင်းလင်းချက်ပေးရန် လိုအပ်နေသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာ ကားပြပွဲ

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟန်နိုဗာမြို့၌ နိုင်ငံတကာ ကားပြပွဲတစ်ရပ်ကျင်းပရာ ပြသထားသည့် ထရပ်ကားတစ်စီးကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ယင်းကားပြပွဲ၌ ကားအမျိုးအစားပေါင်း ၂၀၀၀ကျော် ပါဝင်ပြသလျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၄၁၆၈ ဦးရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား သူပုန်တို့က ဝိုင်းဝန်းတိုက်ခိုက်စဉ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၂၂ရက်တွင် ကြေညာသည်။

ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက်မြို့တော် အခြေစိုက်နိုင်ငံစုံတပ်မတွင် တာဝန်ချထားသည့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်အား စက်တင်ဘာ ၂၁ရက် နံနက် ၁၁နာရီခန့်က ကင်းလှည့်စဉ် သူပုန်တို့က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၁၆၈ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် စာရင်းများအား ကိုးကား ဖော်ပြလိုက်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

မသန့်ရှင်းသောနို့မှုန့်ပစ္စည်းများအား တရုတ်နိုင်ငံတစ်ဝန်းတွင် ဖယ်ရှားရှင်းလင်းပြီးစီး

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များမှ မသန့်ရှင်းသည့် နို့မှုန့် တန်ချိန်ပေါင်း ၇၀၇၄တန်ကို သိမ်းဆည်းဖယ်ရှားပစ်ခဲ့ပြီဖြစ်ကြောင်း အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာန(အက်စ်အေအိုင်စီ)က စက်တင်ဘာ ၂၃ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ဖော်ပြထား

ထိုကဲ့သို့ဖျက်ဆီးခဲ့သည့်အထဲတွင် မသန့်ရှင်းသည့် နို့မှုန့် ၄၂၄၆ဒသမ၇တန်နှင့် မယ်လမင်း ဓာတ်ပါဝင်သည့် အဆိပ်အတောက်ဖြစ်စေသော နို့ထွက်ပစ္စည်းတန်ချိန် ၁၅၆၂ဒသမ၁တန် လည်းပါဝင်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနစာရင်းအင်းများ၌ ဖော်ပြထားသည်။

ပြန်လည်ဖြည့်ဆည်း

စက်တင်ဘာ ၂၃ရက်အထိ ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ စုံစမ်းစစ်ဆေးရေးမှူး ၂ဒသမ၁၈သန်းတို့သည် တရုတ်နိုင်ငံတစ်ဝန်းရှိ ခြောက်သန်းမျှသော နို့ထွက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီများထံသို့ သွားရောက်စစ်ဆေးမှုပြုခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့် မသန့်ရှင်းသောနို့မှုန့်များအတွက် ဝယ်ယူသုံးစွဲသူများအတွက် သန့်ရှင်းလတ်ဆတ်သော နို့ထွက်ပစ္စည်း ၆၁၄ ဒသမ ၅တန်ကိုလည်း ပြန်လည်ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လျှပ်စစ်ဓာတ်အားသုံး မော်တော်ကား

အမေရိကန်နိုင်ငံ မင်လိုပက်အရပ်ရှိ မော်တော်ယာဉ်ပြခန်းတစ်ခုတွင် လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုမောင်းနှင်နိုင်သော ဆီဒင်အမျိုးအစား မော်တော်ကားသစ်ကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗင်နီဇွဲလားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ရုရှားစစ်သင်္ဘောလေးစင်းထွက်ခွာ

မော်စကို စက်တင်ဘာ ၂၄

ဗင်နီဇွဲလားနိုင်ငံတွင် နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်ရန် ရုရှားစစ်သင်္ဘော လေးစင်းသည် နော့သ်ဖလိ ရေတပ်စခန်းဌာနချုပ်မှ စက်တင်ဘာ ၂၂ရက်တွင် ထွက်ခွာသွားကြောင်း ရုရှားမီဒီယာများက ရေးသားဖော်ပြသည်။

ပင်လယ်ပြင်၌ ပူးတွဲ ကယ်ဆယ်မှုစစ်ဆင်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုတွင် ရုရှားနျူကလီးယားဒုံးကျည်သုံး တိုက်သင်္ဘော ပိုတာဗီလီကီ၊ ရေငုပ်သင်္ဘောဖျက်သင်္ဘော အက်မိုင်ရယ်ချာဘာနင်ကိုနှင့် အကူရေယာဉ် နှစ်စင်းပါဝင်ကြမည်ဖြစ်ကြောင်း အီတာတာ့စ်သတင်းဌာနက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၅၃ဦးသေဆုံးပြီး ၂၆၆ဦး ဒဏ်ရာရစေသည့် ဟိုတယ်ဗုံးခွဲမှု အစ္စလမ္မစ်လျှို့ဝှက်အုပ်စုက ၎င်းတို့လက်ချက်ဟု ပြောကြား

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၄

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ မာရီရော့တ်ဟိုတယ်ကို အသေခံဗုံးခွဲတိုက်ခိုက်ခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း အစ္စလမ္မစ် လျှို့ဝှက်အုပ်စုတစ်စုက ပြောကြားသည်ဟု ဒူဘိုင်းအခြေစိုက် အယ်အာရေဘီယာ ရုပ်မြင်သံကြားဌာနက စက်တင်ဘာ ၂၂ရက်တွင် ကြေညာသည်။

စုံစမ်းစစ်ဆေး

အသေခံဗုံးခွဲသူနှစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကားကိုမောင်းနှင်ပြီး မာရီရော့တ်ဟိုတယ် စစ်ဆေးရေးဂိတ်ကို ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည် **(အောက်ပုံ)**ဟု ရုပ်မြင်သံကြားဌာနသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားခြင်းဖြစ်သည်။ ၅၃ဦးသေဆုံးပြီး ၂၆၆ ဦးဒဏ်ရာရသည့် ထိုကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း၊ အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွများနှင့် ဆက်နွှယ်မှုရှိနိုင်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ ပြည်ထဲရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မိုဆူးလ်၌ လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွား ကလေးငယ်ငါးဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ

မိုဆူးလ် စက်တင်ဘာ ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနီး၌ ထောင်ထားသည့် ဗုံးတစ်လုံး စက်တင်ဘာ၂၃ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ကလေးငယ် ငါးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲ

ရဲတပ်ဖွဲ့၏ ပြောကြားချက်များအရ ဗုံးပေါက်ကွဲမှုမှာ မိုဆူးလ်မြို့တောင်ဘက် ကီလိုမီတာ ၂၀အကွာရှိ ဟမ်မာအယ်အလီမြို့၌ ဖြစ်ပွားခဲ့ကြောင်း၊ အိမ်အနီးဝန်းကျင်လမ်းမပေါ်၌ ကလေးများ ကစားနေကြချိန် ညနေ ၆နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသည့်ကလေးများမှာ အသက် ခုနစ်နှစ်မှ ကိုးနှစ်အတွင်းရှိ ကလေးငယ်များ ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသည့် ကလေးငယ်နှစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရသဖြင့် မိုဆူးလ်မြို့ဆေးရုံရှိ အရေးပေါ်လူနာကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း ဆရာဝန်များက ပြောကြားသည်။

ထိုးစစ်ဆင်

အီရတ်အာဏာပိုင်များနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဝင်များက ယခုဗုံးပေါက်ကွဲမှုမှာ အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများအား ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြန်လည်တုံ့ပြန်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် လေးနှစ်အတွင်း အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းလာပြီး ယခုကဲ့သို့ တန်ပြန်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာသည်ကို အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များက စိုးရိမ်မကင်း ဖြစ်လာကြကြောင်းသိရသည်။ **(အင်တာနက်)**

ဟန်ဂေရီသမ္မတ ချီလီသို့ ချစ်ကြည်ရေးခရီးသွားရောက်

ဆန်တီယာဂို စက်တင်ဘာ ၂၄

ချီလီနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိလာသည့် ဟန်ဂေရီသမ္မတ လက်ဇလိုစလိုရွမ်အား စက်တင်ဘာ၂၃ရက်က လာမွန်ဒီလာနန်းတော်၌တွေ့ဆုံစဉ် ဝမ်းမြောက်စွာ ကြိုဆိုနှုတ်ဆက်ကြောင်း ချီလီသမ္မတ မစ်ရှဲလ်ဘတ်ချလတ်က ပြောကြားလိုက်သည်။

ဟန်ဂေရီသမ္မတစလိုရွမ်သည်လက်တင်အမေရိကခရီးစဉ်များအဖြစ် အီကွေဒေါနှင့် ပီရူးနိုင်ငံတို့သို့လည်း သွားရောက်မည်ဖြစ်သည်။စလိုရွမ်သည် စီးပွားရေး၊ကုန်သွယ်ရေးနှင့်အခြားကဏ္ဍများ၌ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် လက်တင်အမေရိက နိုင်ငံများသို့ သွားရောက် လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

တွေ့ဆုံ

စလိုရွမ်သည် ချီလီနိုင်ငံသို့ရောက်ရှိစဉ် နိုင်ငံတော် တရားရုံးချုပ်နှင့် အမျိုးသားလွှတ်တော်တို့မှတာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကာ ရန်ဂိုမြို့နှင့် ဗာပါရက်ဆိုမြို့များသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ကဏ္ဍစုံ

ချီလီနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးများမှာ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း ပိုမိုကောင်းမွန်လာကာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နိုင်ငံရေးနှင့် အခြားကဏ္ဍစုံကိစ္စရပ်များ၌ အပြန်အလှန်ကူညီပံ့ပိုးပေးခဲ့ကြသည်။

တင်သွင်းခဲ့

၂၀၀၇ခုနှစ်အတွင်း ချီလီနိုင်ငံမှ ဟန်ဂေရီနိုင်ငံသို့ တင်ပို့သည့်ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁သမ၉သန်း တင်ပို့ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဟန်ဂေရီနိုင်ငံမှလည်း ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၈သန်းဖိုး တင်သွင်းခဲ့ကြောင်းသိရသည်။

(အင်တာနက်)

ဗုံးခွဲ တိုက်ခိုက်

စပိန်နိုင်ငံ မြောက်ပိုင်း ဆန်တိုနာမြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက် အစီး များအား စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ချစ်စိုးနိုင်၊ တင်မာဝင်းနှင့်အေးသန္တာသိန်း

သူတို့အတွေးနှင့်အမြင်

He that speaks me fair and loves me not. I will speak him fair and loves me not.

ကျွန်ုပ်အား အမှန်တကယ် မခင်မင်၊ မလိုလားဘဲ ကျွန်ုပ်၏ အကြိုက်ကို လိုက်ပြောသူအား ကျွန်ုပ်သည် သူ၏အကြိုက်ကို လိုက်ပြောပေးမည်ဖြစ်သော်လည်း သူ့အား ကျွန်ုပ် လုံးဝယုံကြည်စိတ်ချမည် မဟုတ်ပါချေ။

ဂျိုးဇက်ပရက်စလေ
(အင်္ဂလိပ်လူမျိုး ဘာသာရေးသမားနှင့် အတွေးအခေါ်ပညာရှင်)

No one knows like a woman how to say things which are at once gentle and deep.

သိမ်မွေ့၍ တစ်ချိန်တည်း၌ပင် လေးနက်သည့်စကားများကို မိန်းမများမှလွဲ၍ ပြောတတ်သူမရှိ။

ဗစ်တာဟူဂို
(ပြင်သစ်လူမျိုး ကဗျာဆရာ၊ ဝတ္ထုရေးဆရာနှင့် ပြဇာတ်ဆရာ)

အာဖရိကထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပြည့်ရေး အလှူရှင်များ ထည့်ဝင်ကြရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

ဂျီနီဗာ စက်တင်ဘာ ၂၄

အာဖရိကတိုက်သို့ အထောက်အပံ့အကူအညီများ နှစ်ဆတိုးပေးရေးအတွက် အလှူရှင်နိုင်ငံများအနေဖြင့် ၂၀၀၅ခုနှစ်က ပေးခဲ့သော ကတိများကို အကောင်အထည်ဖော်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၂၂ရက်တွင် တိုက်တွန်းလိုက်သည်။

တိုက်တွန်း

အာဖရိကတိုက်၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကတိကဝတ်

၂၀၀၅ခုနှစ်က ကတိများဆိုသည်မှာ အမေရိကန်၊ ဂျပန်၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကနေဒါ၊ ရုရှားပါဝင်သည့် ကမ္ဘာ့စက်မှုထိပ်သီးရှစ်နိုင်ငံ (ဂျီ-၈)၏ ဂလင်းအီးဂဲလ်ထိပ်သီးအစည်းအဝေး၌ပေးခဲ့သော ကတိကဝတ်များကို မစ္စတာဘန်ကီမွန်းက ရည်ရွယ်ပြောနေခြင်းဖြစ်သည်ဟုလည်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တက်ညီလက်ညီဆောင်ရွက်ပါက အာဖရိကတိုက်၏ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အချိန်မီပြည့်မည်ဟု ယုံကြည်ကြောင်း၊ ယင်းကိစ္စမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သက်သေရှိတယ်... ဘဝအမောပြေ

တရားရုံးတစ်ခု၌ ပစ္စည်းခိုးမှုဖြင့် တရားသူကြီး၏ စစ်ဆေးမေးမြန်းချက်များကို တရားခံက ဖြေကြားလျက်ရှိသည်။

တရားသူကြီး ။ ။ မောင်မင်း…ပစ္စည်းခိုးယူကြောင်း ဝန်ခံပါသလား။

တရားခံ ။ ။ ဝန်မခံနိုင်ပါဘူး…တရားသူကြီးမင်း။

တရားသူကြီး ။ ။ ဝန်မခံလို့မရဘူးလေ…မောင်မင်း ပစ္စည်းခိုးယူတဲ့အကြောင်း မျက်မြင်တွေ့ရှိတဲ့သက်သေ သုံးဦးတောင် ရှိနေတယ်…

တရားခံ ။ ။ ဒါဆိုရင်…ကျွန်တော်ပစ္စည်းခိုးယူတာ မမြင်တဲ့ လူ ၁၀၀၀ လောက် သက်သေခေါ်လာပြရင်ကော…။

တရားသူကြီး ။ ။ 'ဘာ'

ဘူဂေးရီးယားသမ္မတနိုင်ငံအကြောင်းသိကောင်းစရာ.... သတင်းအက်ဆေး

ဘူဂေးရီးယားသမ္မတနိုင်ငံသည် အရှေ့တောင်ဥရောပ အရှေ့ဘော်လကန်ကျွန်းဆွယ်တွင် တည်ရှိသည်။ အုံ့မခန်းဖွယ်ရာတောင်များနှင့် ပင်လယ်နက်ကမ်းခြေဖြင့် ပန်းရပြီး ၇ရာစုနှစ်ဆီမှစကာ သမိုင်းမှတ်တမ်းထွန်းပြောင်သည့် နိုင်ငံလည်းဖြစ်သည်။

ဘိုင်ဇန်တင်းယဉ်ကျေးမှု အချိန်ကြာမြင့်စွာ ဩဇာကြီးမားခဲ့သည့် ဤနိုင်ငံမှာ ၁၉ ရာစု၌ လွတ်လပ်ရေးမရရှိမီက နှစ်ပေါင်း ၅၀၀ခန့် အော်တိုမန်အင်ပါယာ၏ အစိတ်အပိုင်း တစ်ခုဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း ၁၉၉၁ခုနှစ်အထိ ဆိုဗီယက်ပြည်ထောင်စု၏ ဩဇာခံနိုင်ငံ ဖြစ်ခဲ့သည်။ ယခုအခါတွင် ဥရောပသမဂ္ဂ (အီးယူ)နှင့် နေတိုးအဖွဲ့ဝင်နိုင်ငံ ဖြစ်နေပေပြီ။

ရက်ရက်စက်စက်နှိမ်နင်း

ဘူဂေးရီးယားနိုင်ငံကို ၆၈၁ခုနှစ်တွင် တည်ထောင်သည်။ ၁၀၁၈ခုမှ ၁၁၈၅ခုအထိ ဘိုင်ဇန်တင်း အင်ပါယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၁၃၉၆ခုတွင် အော်တိုမန်အင်ပါယာ၏ အစိတ်အပိုင်းဖြစ်လာရသည်။ ၁၈၇၆ခုနှစ်တွင် အော်တိုမန်အုပ်ချုပ်ရေးကို တစ်မျိုးသားလုံးဆန့်ကျင်သဖြင့် ရက်ရက်စက်စက် နှိမ်နင်းခံရသည်။

ဘိုင်ဇန်တင်း ယဉ်ကျေးမှု အချိန်ကြာမြင့်စွာ ဩဇာကြီးမားခဲ့သည့် ဤနိုင်ငံမှာ ၁၉ရာစု၌ လွတ်လပ်ရေး မရရှိမီက နှစ်ပေါင်း ၅၀၀ခန့် အော်တိုမန် အင်ပါယာ၏ အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့။

၁၈၇၈ခု မတ်လ စန်စတီဖာနိုစာချုပ်အရ ရုရှားနှင့် တူရကီနိုင်ငံတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်အရ ဘူဂေးရီးယားနိုင်ငံအဖြစ် အသိအမှတ်ပြုသည်။ ၁၈၇၈ခု ဇူလိုင်တွင် ဘာလင်စာချုပ်အရ ဤနိုင်ငံမှာ ပို၍သေးသွားရသည်။ အရှေ့ပိုင်း ရူမေးလီးယားကို အော်တိုမန်အုပ်ချုပ်မှုအောက်ချန်ထားရသဖြင့် နယ်မြေကျုံ့သွားရခြင်းဖြစ်သည်။ ၁၈၈၆ခုတွင် အရှေ့ပိုင်း ရူမေးလီးယားကို ဘူဂေးရီးယားနိုင်ငံအတွင်း သွတ်သွင်းသည်။

၁၈၈၇ခုတွင် ဆက်ဇီကိုဘတ်ဂိုသာမှ ဖာဒီနန်ကို မင်းသားကြီးအဖြစ် ရွေးချယ်ပြီး ၁၉၀၈ခုတွင် ဘူဂေးရီးယားကို လွတ်လပ်သည့် ဘုရင့်နိုင်ငံအဖြစ် ကြေညာလိုက်သည်။ ဖာဒီနန်မင်းသားကြီးက ဇာဘုရင်ဘွဲ့ခံယူလိုက်သည်။

အာဏာရ

၁၉၁၄-၁၉၁၈ခု ပထမကမ္ဘာစစ်ကြီးတွင် ဂျာမနီနိုင်ငံနှင့်မဟာမိတ်ပြုသည်။ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကျဆုံးသည်။ ၁၉၃၉-၁၉၄၅ခု ဒုတိယကမ္ဘာစစ်ကြီးတွင် ဆိုဗီယက်တပ်များက ဂျာမနီသိမ်းထားသည့် ဤနိုင်ငံအတွင်းသို့ ၁၉၄၄ခုနှစ်တွင် ဝင်ရောက်သည်။ ဆိုဗီယက်ထောက်ခံသည့် အဖမြေတပ်ဦးက အာဏာရလာသည်။ ၁၉၄၆ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဘုရင်စနစ်ကိုပယ်ဖျက်ပြီး သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ကွန်မြူနစ်ပါတီက ရွေးကောက်ပွဲအနိုင်ရသည်။ ဂျော်ဂျီဒီမိုထရော့ ဝန်ကြီးချုပ်အဖြစ် အရွေးခံရသည်။

၁၉၄၇ခု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ဆိုဗီယက်ပြည်ထောင်စုနည်းတူ တစ်ပါတီနိုင်ငံ ပြဋ္ဌာန်းသည်။ စီးပွားရေးနှင့် စက်မှုကဏ္ဍများကို ပြည်သူပိုင်သိမ်းသည်။ ၁၉၅၄ခုတွင် တိုဒေါ်ဇီးကော့ဗ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ နိုင်ငံမှာလည်း ဆိုဗီယက်ပြည်ထောင်စု၏ လျှမ်းလျှမ်းတောက် မဟာမိတ်နိုင်ငံဖြစ်လာသည်။ ၁၉၆၈ခု ဆိုဗီယက်တပ်များ ချက်ကိုဆလိုဗက်ကီးယားနိုင်ငံသို့ ဝင်ရောက်စဉ် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ ပါဝင်သည်။ ၁၉၇၁ခုတွင် ဇီးကော့ဗ်မ်သမ္မတ ဖြစ်လာခဲ့သည်။

ပါတီစုံစနစ်စတင်

၁၉၈၉ခု ဆိုဗီယက်ပြည်ထောင်စုတွင် ပြုပြင်ပြောင်းလဲမှုက ဤနိုင်ငံ၌ ဒီမိုကရေစီကျင့်သုံးရေးတောင်းဆိုရန် နိုးကြွစေသည်။ သမ္မတဇီးကော့ဗ်အား ဖယ်ရှားလိုက်သည်။ ပါတီစုံစနစ်စတင်သည်။ အတိုက်အခံဒီမိုကရေစီအင်အားစုများ သမဂ္ဂ(ယူဒီအက်ဖ်)ကို ထူထောင်သည်။

၁၉၀၀ပြည့်နှစ်တွင် စီးပွားရေး အကျပ်အတည်းဆိုက်သည်။ ကွန်မြူနစ်ပါတီက ဘူဂေးရီးယားဆိုရှယ်လစ်ပါတီ (ဘီအက်စ်ပီ)အဖြစ် ဆန်းသစ်ဖွဲ့စည်းသည်။ ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရသည်။ သမ္မတပီတာမလာဒီနော့ဗ်ရာထူးမှ နုတ်ထွက်သည်။ ပါလီမန်က ယူဒီအက်ဖ်ပါတီမှ ဇယ်ယူဇဲလက်ဗ်အား ခန့်အပ်သည်။ လူထုဆန္ဒပြပွဲနှင့်

အထွေထွေသပိတ်ပေါ်ပေါက်ပြီး ဘီအက်စ်ပီအစိုးရပြိုကွဲသည်။ ၁၉၉၁ခု ရွေးကောက်ပွဲတွင် ယူဒီအက်ဖ်ပါတီအနိုင်ရသည်။

၁၉၉၂ခုတွင် မစ္စတာဇဲလက်ဗ် ဤနိုင်ငံ၏ ပထမဆုံး တိုက်ရိုက်ရွေးချယ်သည့် သမ္မတ ဖြစ်လာသည်။ ယူဒီအက်ဖ် အစိုးရနုတ်ထွက်သည်။ ၁၉၉၃ခုတွင် ပုဂ္ဂလိကလက်သို့ အလုံးအရင်းဖြင့် လွှဲပြောင်းပေးသည်။ ၁၉၉၄ခု အထွေထွေရွေးကောက်ပွဲတွင် ဘီအက်စ်ပီ အာဏာပြန်ရလာသည်။

အစားထိုး

၁၉၉၅ခုတွင် ဘီအက်စ်ပီပါတီမှ ဗီဒီနော့ဗ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၆ ခုတွင် ဘဏ္ဍာရေးပြဿနာပေါ်လာသည်။ သမ္မတဇဲလက်ဗ်နေရာကို ပီတာစတိုယာနော့ဗ်ဖြင့် အစားထိုးလိုက်သည်။ ဗီဒီနော့ဗ်သည်ဝန်ကြီးချုပ်အဖြစ်နှင့် ဘီအက်စ်ပီပါတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သည်။

၁၉၉၇ ခုတွင် စီးပွားရေးအကျပ်အတည်းအပေါ် ကန့်ကွက်ဆန္ဒပြကြသည်။ ယာယီအစိုးရဖွဲ့သည်။ ယူဒီအက်ဖ်ခေါင်းဆောင် အိဗန်ကိုစတော့ဗ် ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၁ခုနှစ် ဇွန်လတွင် ဘုရင်ဟောင်း ဒုတိယဆိုင်မွန်၏ အမျိုးသားလှုပ်ရှားမှု ဒုတိယဆိုင်မွန်ပါတီက ရွေးကောက်ပွဲအနိုင်ရပြီး မစ္စတာဆိုင်မွန် ထိုနှစ်ဇူလိုင်တွင် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၁ခု နိုဝင်ဘာတွင် ဝန်ကြီးချုပ်ဆိုင်မွန်၏ ဝန်ကြီးချုပ်သက်တမ်း ၁၀၀ပြည့်နေ့တွင် ဆိုဖီယာမြို့တော်အတွင်း ချီတက်ဆန္ဒပြကြသည်။ ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဂျော်ဂျီပါဗာနော့ဗ် သမ္မတအဖြစ်အရွေးခံရသည်။

၂၀၀၄ခု မတ်လတွင် နေတိုးအဖွဲ့ဝင်ဖြစ်လာပြီး ၂၀၀၇ခုဇန်နဝါရီတွင် ရိုမေးနီးယားနှင့်အတူ ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၂၀၀၇ခု ဇွန်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပိုမိုဆောင်ရွက်ရန် ဥရောပကော်မရှင်က တိုက်တွန်းသည်။

ကွန်မြူနစ်ဝါဒကျဆုံးပြီးနောက် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးအသွင်ကူးပြောင်းရေးလုပ်ငန်းမှာ လွယ်ကူလှသည်မဟုတ်၊ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဤနိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ။ ***ကိုးကား-အင်တာနက်***

တိုး ရေးသားသည်



ရွှေပြည်သာ စက်မှုဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာ စက်မှုဇုန်ရှိ Yangon Crown Cable Wire စက်ရုံတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နည်းပညာပိုမိုတိုးတက်မြင့်မားလာအောင်ကြိုးပမ်း ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေးတိုးမြှင့်ထုတ်လုပ်

ရန်ကုန် စက်တင်ဘာ ၂၄

ရွှေပြည်သာစက်မှုဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ၂၃ရက် နံနက်၉နာရီခွဲက ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိန်း၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂၊၃၊၄) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၂၊၃၊၄)စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းတို့က စက်မှုဇုန်၏ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ခရိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က ဖြည့်စွက်တင်ပြသည်။ တင်ပြချက်များအပေါ် စက်မှုဇုန်တာဝန်ခံ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ဝန်ကြီးသည် Myanmar Lighting Manufacturing Co., Ltd. သို့ ရောက်ရှိရာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစိန်ဝမ်က ကုမ္ပဏီ၏ လျှပ်စစ်ပစ္စည်းများနှင့် Super Lamp မီးချောင်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသသည်။

တိုးမြှင့်ထုတ်လုပ်

ဆက်လက်၍ ရွှေပြည်သာစက်မှုဇုန် တာဝန်ခံဝန်ကြီးသည် Yangon Crown Cable Wire Co., Ltd. သို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးရှောင်စန်းနှင့် တာဝန်ရှိသူများက Yangon Crown Cable Wire စက်ရုံမှ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်ကြိုးများနှင့် ကောင်းကင်ကြိုးများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသကြရာ ဇုန်တာဝန်ခံ ဝန်ကြီးက နည်းပညာများ ပိုမိုတိုးတက်မြင့်မားလာအောင် ကြိုးပမ်းရင်း ထုတ်ကုန် ပစ္စည်းများ၏ အရည်အသွေးကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး မှာကြားခဲ့သည်။

ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)၌ လည်ပတ်စက်ရုံပေါင်း ၁၁၅ရုံ၊ စက်မှုဇုန် အပိုင်း(၂)၊ (၃)နှင့် (၄)တို့၌ လည်ပတ်စက်ရုံပေါင်း ၁၀၅ရုံရှိကာ အဆိုပါစက်ရုံများမှ အထည်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးနှင့် သံရည်ကျိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းနှင့် ရေထွက်ပစ္စည်းတို့ကို ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်စီချွမ်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွား နေအိမ်အချို့ပျက်စီး၊ ၁၄ဦးပျောက်ဆုံးနေ

ဘိုင်ချန် စက်တင်ဘာ ၂၄

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဘိုင်ချန်မြို့တွင် စက်တင်ဘာ၂၄ရက် ဒေသစံတော်ချိန် နံနက်စနာရီခန့်က မြေပြိုမှုဖြစ်ပွားရာ ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်နိုင်ငံသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

နှစ်ရက်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ရာ နေအိမ်အချို့ပျက်စီးပြီး မြေကြီးနှင့် အပျက်အစီးများအောက်မှ ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက အမြန်ရှာဖွေလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

မက္ကဆီကို ကမ်းလွန်၌ ငလျင်လှုပ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄

မက္ကဆီကိုနိုင်ငံ ကမ်းလွန်၌ စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၃၃ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ပျက်စီး

ငလျင်လှုပ်မှုကြောင့် မက္ကဆီကိုနိုင်ငံ ဂျာလီစကိုပြည်နယ်တွင် အဆောက်အအုံများ ယိမ်းထိုး လှုပ်ခါသွားပြီး လူအများ နေအိမ်နှင့် အဆောက်အအုံ ပြင်ပသို့ ထွက်ပြေးခဲ့ကြရကြောင်း၊ အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

စပိန် ဗလင်စီယာမြို့အနီးရေလွှမ်း နေအိမ်များရေနစ်မြုပ်

မက်ဒရစ် စက်တင်ဘာ ၂၄

စပိန်နိုင်ငံ ဗလင်စီယာမြို့အနီး ဆူကာမြို့တွင် စက်တင်ဘာ ၂၄ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ်များ ရေနစ်မြုပ်ပြီး လမ်းများရေလွှမ်းခဲ့ကြောင်း ဗလင်စီယာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြတ်တောက်

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများကြောင့် ဓာတ်အားဖြတ်တောက်ထားကာ ဆက်သွယ်ရေးလည်း ပြတ်တောက်လျက်ရှိကြောင်း၊ ထို့အတူ ဆူကာမြို့ အနီးဝန်းကျင် ကျေးရွာများ၌လည်း ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(ယာပုံ)**

အဆိုးရွားဆုံး

ရေလွှမ်းမှု အဆိုးရွားဆုံးဒေသမှာ ဆူကာမြို့ အနောက်ဘက်ဒေသများ ဖြစ်ကြောင်း၊ မိုးမှာ ဆက်လက်ရွာသွန်းလျက်ရှိကြောင်း သိရသည်။

● *ရှေ့ဖုံးမှ*

စွန့်ပစ်

သို့ရာတွင် မြို့ရွာများ ကျယ်ပြန့်လာမှုကြောင့် မြစ်ရေ ညစ်ညမ်းမှု ပြဿနာမှာ ကမ္ဘာ့ပြဿနာတစ်ရပ် ဖြစ်လာသည်။ လူတို့သည် ရှေးအခါကပင်လျှင် အမှိုက်သရိုက်များနှင့် မိလ္လာ အညစ်အကြေးများကို ချောင်းထဲ၊ မြောင်းထဲသို့ စွန့်ပစ်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ရေအဟုန်စီးကာ မြစ်ထဲရောက်ကုန်သည်။

ရေထုညစ်ညမ်းနေသော မြစ်ရေထဲတွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားများ၊ ဗက်တီးရီးယားပိုးများနှင့် ရောဂါပိုးများ ပါဝင်သည်။ မြစ်အထက်ပိုင်းတွင် မိလ္လာအညစ်အကြေး စွန့်ပစ်ရာမှ မြစ်၏အောက်ပိုင်းသို့ အညစ်အကြေးများ စီးဆင်းမျောပါလာပြီး မြစ်ကြေပိုင်း (မြစ်အောက်ပိုင်း)တွင် နေထိုင်သူများအတွက် ကျန်းမာရေးဘေးအန္တရာယ် ဖြစ်ပေါ်စေသည်။ သို့ဖြစ်လေရာ မြစ်ရေသောက်သုံးရမှုများသည် ရေကိုကျိုချက် သောက်သုံးသင့်သည်။

သေကျေပျက်စီး

မြစ်အတွင်းသို့ မိလ္လာအညစ်အကြေးများ စွန့်ပစ်မှုကြောင့် ရေထုအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့ လျော့ပါးစေနိုင်ပြီး အောက်ဆီဂျင်ဖြင့် အသက်ရှင်သန်ရသော ရေနေသတ္တဝါများ သေကျေပျက်စီးနိုင်သည်။

မြေပေါ်ရေအတွင်း ရောက်ရှိနေသော အညစ်အကြေးများ အောက်ဘက်သို့ယိုစိမ့်ရာမှလည်းကောင်း၊ သုတ်သင်ရှင်းလင်းရန် ရည်ရွယ်ချက်ဖြင့် မြေအောက်သို့ စွန့်ပစ်ရာမှလည်းကောင်း မြေအောက်ရေ ညစ်ညမ်းမှု ဖြစ်ပေါ်နိုင်သည်။

သက်ရှိတို့ ခန္ဓာကိုယ်မှ စွန့်ထုတ်သည့် မိလ္လာနှင့်နောက်ချေးကဲ့သို့ စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်စေနိုင်သဖြင့် မိလ္လာရေမှ မီသိန်းဓာတ်ငွေ့(methane) ထုတ်ရန် နည်းလမ်း ရှာဖွေလာကြသည်။ အနံ့မရှိ၊ အရောင်မရှိ၊ မီးလောင်လွယ်သည့် မီသိန်းဓာတ်ငွေ့ကို လောင်စာအဖြစ် အသုံးပြုနိုင်သည်။ မီသိန်း ၂၂၅ကုဗပေလျှင် ဓာတ်ဆီတစ်ဂါလန်နှင့် ညီမျှပြီး စွမ်းအင်အဖြစ် သုံးစွဲနိုင်သည်။

ကမ်းရိုးတန်း

ရေထုညစ်ညမ်းမှုတွင် ပင်လယ်သမုဒ္ဒရာ ညစ်ညမ်းမှု (ocean pollution)လည်း ပါဝင်သည်။ ရေဆိုးကို သန့်စင်မှု မပြုဘဲ ရေထုအတွင်းသို့ စွန့်ပစ်မှုကြောင့် ကုန်းတွင်းပိုင်း မြစ်ချောင်းများ ညစ်ညမ်းရသကဲ့သို့ ပင်လယ်ကမ်းရိုးတန်းဒေသများမှာလည်း ညစ်ညမ်းရသည်။

ရေထုညစ်ညမ်းစေသော အကြောင်းတရားတစ်ရပ်မှာ ရေနံယိုဖိတ်မှု(Oil Spills) ဖြစ်သည်။ ရေနံတင်သင်္ဘောကြီးများ တိမ်းမှောက်မှုနှင့် ကမ်းလွန်ရေနံတူးစင်များမှ ရေနံယိုဖိတ်မှုများကြောင့် ပင်လယ်ကမ်းခြေများ ညစ်ညမ်းရပြီး ပင်လယ်ပျော်ငှက်များ၊ ငါးများ၊ ဖျံများနှင့် အပင်ငယ်များ ပျက်စီးရသည်။

ရေနံယိုဖိတ်မှုကြောင့် ပင်လယ်ရေပြင်တွင် ရေနံများဖုံးလွှမ်းကာ ပင်လယ်ငါးများနှင့် ငါးအစာမျှောလေးများ အသက်ရှူရခက်ခဲကာ သေဆုံးရသည်။

အဆိုးရွားဆုံး

သမိုင်းတွင် အဆိုးရွားဆုံးသော ရေနံယိုဖိတ်မှုဖြစ်ရပ်မှာ ၁၉၈၉ခုနှစ်တွင်ဖြစ်ပွားခဲ့သည်။ အမေရိကန်နိုင်ငံ အလက်စကာ ပြည်နယ်တွင် အက်ဆွန်ဗယ်လ်ဒက်ဇ် (Exxon Valdex) အမည်ရှိ ရေနံတင်သင်္ဘော တိမ်းမှောက်မှုကြောင့် ရေနံဂါလန် တန်ချိန် ၁၁သန်းအထိ ယိုဖိတ်ခဲ့ရသည်။

၁၉၉၁ခုနှစ် ပင်လယ်ကွေ့စစ်ပွဲတွင်လည်း ရေနံပိုက်လိုင်းများ ဖျက်ဆီးခံခဲ့ရပြီး ပင်လယ်ရေညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။

ဘော်လတစ်ပင်လယ်(Baltic Sea)သည် ရေသေပင်လယ်အဖြစ်သို့ တစ်စစပြောင်းလဲလာရခြင်းမှာ ရေထုညစ်ညမ်းမှုကြောင့်ဖြစ်သည်။ ဧရိယာစတုရန်းမိုင် ၁၅၇၀၀၀ရှိ ဘော်လတစ်ပင်လယ်သည် စကင်ဒီနေးဗီးယား (Scandinavia) နိုင်ငံများကို ဥရောပမြောက်ပိုင်းရှိ အခြားနိုင်ငံများနှင့် ကတ္တားခြားပေးထားသည်။ ဘော်လတစ်ပင်လယ်ကို ဝန်းရံလျက်ရှိသော ဆွီဒင်၊ ဖင်လန်၊ ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သည့် နိုင်ငံများနှင့် ပိုလန်နိုင်ငံတို့တွင် စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာမှ ယင်းပင်လယ်မှာ ရေထုညစ်ညမ်းခဲ့ရသည်။

အသက်ရှင်ရေး

နိဂုံးချုပ်အားဖြင့် ကမ္ဘာမြေကြီး၏ ၇၅ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းနေသော ရေထုတွင်ပါဝင်သည့် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်များ သန့်စင်ရေးသည် လူ၊ အပင်နှင့် တိရစ္ဆာန်တို့ အသက်ရှင်ရေး၌ လွန်စွာအရေးကြီးလှပေရာ ရေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ

စက်တင်ဘာ ၂၀ရက်က ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ပဲခူးတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တံခွန်စိုက်ဆုရရှိသော ပြည်ခရိုင်အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့နယ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နောင်နန်းကျေးရွာကြွခိုင်ဖွံ့ဖြိုးရေးအသင်းအခမဲ့ဆေးခန်းကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၄

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် စက်တင်ဘာ ၁၉ရက်က မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ အမှတ်(၁) တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျေးရွာဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်အဆိုပြုလွှာ ၂၅၀ကိုပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အသင်းဝတ်စုံများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးဝန်ကြီးတို့သည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ၌ နောင်နန်းကျေးရွာနှင့် ပလနကျေးရွာမှ ဒေသခံများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ နောင်နန်းကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ နှင့် ပလနကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ အစောင်၃၀၀တို့ကိုပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များ၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အသင်းဝတ်စုံများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြပြီး**(အပေါ်ပုံ)** အမှာစကား ပြောကြားသည်။

ထောက်ပံ့

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် နောင်နန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဖွင့်လှစ်ထားသည့် ကျေးရွာအခမဲ့ဆေးခန်းသို့ ဝင်ရောက်ကြည့်ရှုအားပေးကြပြီး ဆေးခန်း၌အသုံးပြုရန် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်သားမြို့နယ် မြစ်မခပန်းလောင်မြစ်ကူးတံတားသစ်ဖွင့် ငွေကျပ် ၅၁၆သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့

ဒေသခံပြည်သူများ အလွယ်တကူသွားလာနိုင်ပြီ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးတိုင်း မြစ်သားမြို့နယ် မြစ်မခပန်းလောင်မြစ်ကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ရက် နံနက် ၈နာရီက အဆိုပါတံတားသစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အလှူရှင် ဦးဆန်းဝင်းနှင့် မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကြည်တို့က မြစ်မခပန်းလောင်မြစ်ကူးတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပန်းလောင်မြစ်ကူးတံတား ကမ္ဗည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်ဧည့်သည်တော်များသည် တံတားသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကူးသန်းသွားလာနိုင်

အဆိုပါ တံတားသစ်မှာ အရှည် ၁၂၅ ပေ၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ တံတားခံနိုင်ဝန် ၃၅တန်ဖြစ်ပြီး ငွေကျပ် ၅၁၆သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့၍ မြစ်သားမြို့နယ်မှ ကျေးရွာပေါင်း၁၅ရွာ၊ ဝမ်းတွင်းမြို့နယ်မှ ကျေးရွာပေါင်းလေးရွာတို့မှ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ အလွယ်တကူ လျင်မြန်စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တက္ကသိုလ်များ၊ ပညာရေးကောလိပ်များ ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ၁နာရီက ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့ကြိုသင်တန်းများ၊ ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ် သင်တန်းများ ဒုတိယနှစ်ဝက်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့မှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ပါမောက္ခဌာနမှူးများ၏ သင်ကြားစီမံကိန်းရေးဆွဲမှုများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တတိယနှစ်ဘွဲ့ကြိုသင်တန်း ကျောင်းသား ကျောင်းသူများ ဒုတိယနှစ်ဝက် စာမေးပွဲဖြေဆိုနေမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုခြင်း သုတေသနလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ၂၁ရက်တွင် ရန်ကင်းပညာရေးကောလိပ်၌ ကျောင်းအုပ်ဆရာမကြီး၊ ဌာနမှူး ဆရာ ဆရာမများအားတွေ့ဆုံပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သဃ်န်းကျွန်းပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန်မြန်ဆန်စေရေး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ပူးပေါင်းဆောင်ရွက် အလေအလွင့်မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု

ရန်ကုန် စက်တင်ဘာ ၂၄

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များနှင့်အတူ စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ စစ်ဆေးရေးအဖွဲ့ဖြင့် ကုန်သေတ္တာများ အတွင်းရှိ သွင်းကုန်ပို့ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ ကုန်ပစ္စည်းများကို ကုန်သေတ္တာများအတွင်း စနစ်တကျ ထည့်သွင်းထားရှိမှုအခြေအနေ၊ ကုန်သေတ္တာများကို X-ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် စစ်တွေသင်္ဘောပေါ်မှ သွင်းကုန်ကုန်သေတ္တာများ မော်တော်ယာဉ်ပေါ်သို့ တင်ချဆောင်ရွက်နေမှု၊ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ရောက်ရှိနေသော နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ဆီတင်မော်တော်ယာဉ်နှင့် ယာဉ်ယန္တရားများတင်ချနေမှု၊ နိုင်ငံခြားသင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာစက်မှုဆိပ်ကမ်းတွင် သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများတင်ချနေမှုနှင့် အေးရှားဝေါလ် ဆိပ်ကမ်းကုန်သေတ္တာစခန်းရှိ ရုံးခန်းမဆောင်၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးအတွက် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဝန်ကြီးက ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန်မြန်ဆန်စေရန်အတွက် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေစည်းမျဉ်းစည်းကမ်း မူဘောင်များနှင့်အညီ ဌာနအချင်းချင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ဆိပ်ကမ်း လုံခြုံမှုရှိစေရေး၊ ကုန်ပစ္စည်းများ အလေအလွင့်မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြုဆောင်ရွက်ကြရေးတို့ကိုမှာကြားပြီး သွင်းကုန်ပို့ကုန်ပစ္စည်း ကုန်သေတ္တာများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများကို ဝန်ချီစက်ဖြင့် သယ်ချနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အရှေ့ရန်ကင်းနေ ဦးသန်းနှင့်ဒေါက်တာဒေါ်ခင်သောင်းတင်တို့အား ရည်စူး၍ ဒေါ်စိုးစိုးဝင်းမိသားစုက ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဒဂုံတက္ကသိုလ်တွင် တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများအား အမှာစကားပြောကြားစဉ်။ (ပညာရေး)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တောင်ညိုကြိုးဝိုင်း ကျွန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား တောင်ညိုကြိုးဝိုင်းအတွင်း Concord Co., Ltd. မှ နိုင်ငံတော်အတွက်လှူဒါန်းထားသည့် ၂၀၀၈-၂၀၀၉ခုနှစ် သီးခြားကျွန်းစိုက်ခင်း ၇၀၅ဧကသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန နေပြည်တော် ပျဉ်းမနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးအောင်က နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ သစ်တောကြိုးဝိုင်းများစစ်ဆေးတွေ့ရှိမှု၊ တရားမဝင်သစ်များ ပပျောက်ရေးဆောင်ရွက်ထားရှိမှု၊ သစ်တောစိုက်ခင်းများ ထူထောင်ပြီးစီးမှုနှင့် သစ်ထုတ်လုပ်ရန် ပင်ထောင်ရိုက်မှတ်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်တပ်ကုန်းငလိုက်ကြိုးဝိုင်းအတွင်းရှိ ၂၀၀၇-၂၀၀၈ခုနှစ်ကျွန်းစိုက်ခင်းဧက ၁၀၀၀၊ နေပြည်တော်လယ်ဝေး ပလွေးကြိုးဝိုင်းအတွင်းရှိ ၂၀၀၈- ၂၀၀၉ခုနှစ် ကျွန်းစိုက်ခင်းဧက ၅၀ အတွင်း တောင်ယာစပါးများ ရောနှောစိုက်ပျိုးထားရှိမှု၊ Concord Co., Ltd. မှ နိုင်ငံတော်အတွက် လှူဒါန်းသော နေပြည်တော်တပ်ကုန်း ပလွေးကြိုးဝိုင်းအတွင်းရှိ ၂၀၀၈-၂၀၀၉ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀၊ တောင်တွင်းကြီးမြို့နယ်ကင်ပွန်းတောင်ကြိုးဝိုင်းအတွင်းရှိ ၂၀၀၈-၂၀၀၉ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ တို့၌ ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ သစ်တောစိုက်ခင်းများ အောင်မြင်ကြီးထွားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တောင်တွင်းကြီးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉၅)သစ်စက် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဝန်ကြီးအား တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးသည် စက်တင်ဘာ ၂၀ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် မကွေးမြို့ ဒေါင်းနေတိုးရဲ့ ကာကွယ်တောအတွင်းရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၂၀၀၈-၂၀၀၉ ခုနှစ် ကျေးရွာသုံး ယူကလစ်စိုက်ခင်းဧက ၂၀၀ နှင့် ပုဂ္ဂလိက ယင်းမာ၊ ယူကလစ်စိုက်ခင်း ၁၀ ဧကသို့ရောက်ရှိ၍ စိုက်ခင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဖန်းခါးစမ်းဒေသ စိမ်းလန်းစိုပြည်ရေးဥယျာဉ် ရှင်းလင်းဆောင်နှင့် ၂၀၀၈-၂၀၀၉ခုနှစ် ကျေးလက်ဒေသသုံးထင်းစိုက်ခင်း ဧက ၄၀၀ တို့သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်နှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက်ဝန်ကြီးသည် ချောက်မြို့ ၂၀၀၇-၂၀၀၈ ခုနှစ် ရွှေပုံတောင်တမာစိုက်ခင်းဧက ၉၀၀၊ ၂၀၀၆-၂၀၀၇ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ခင်းဧက ၅၀၊ ၂၀၀၅-၂၀၀၆ခုနှစ် ရွှေပုံတောင်တမာစိုက်ခင်း ၉၅၀၊ ၂၀၀၈-၂၀၀၉ခုနှစ်ရွှေပုံတောင်တမာစိုက်ခင်းဧက၂၅၀၊ ၂၀၀၈-၂၀၀၉ခုနှစ်တစ်အုပ်တစ်မ ကျွန်းစိုက်ခင်းနှင့် ရွှေပုံတောင်တမာစိုက်ခင်းဧက ၆၅၀ ရှင်းလင်းဆောင်များသို့ရောက်ရှိပြီး ရွှေပုံတောင်စိမ်းလန်းစိုပြည်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် ညောင်ဦးမြို့နယ် ဗျတ္တပန်းဆက်လမ်းရှိ လမ်းဘေးဝဲယာစိုက်ခင်းများ စိမ်းလန်းစိုပြည်နေမှုအခြေအနေများနှင့် မြကန်နှင့် တုရင်တောင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သထုံနှင့်ဘီးလင်းမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ ကျင်းပ

သထုံ စက်တင်ဘာ ၂၄

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီက မြို့နယ်အသင်းရုံး ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၂ သိန်းကို ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်တို့က လက်ခံကြသည်။

ဂုဏ်ပြုဆု

ထို့နောက် ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၁ဦးအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။

ဘီးလင်းမြို့

အလားတူ သထုံခရိုင် ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(၂၀၀၈)ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ထူးချွန်သူများ ချီးမြှင့်သည့်အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ကျောင်းသား ၁၀ ဦး၊ လေမုန်တိုင်းသင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့တွင် သွားရောက်ကူညီဆောင်ရွက်သော အမှုဆောင်အသင်းဝင် ၁၆ ဦး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးကျောင်းနှင့် အသင်းဝင်စည်းရုံးရေးလုပ်ရှားမှု အကောင်းဆုံးရပ်ကွက်၊ ကျေးရွာတို့အား ဆုအသီးသီး ချီးမြှင့်ကြသည်။

(မြို့နယ်ကြံ့ခိုင်ရေး)

တိုက်နယ်ဆေးရုံဖွင့်

ခရမ်းမြို့နယ် ကျီနီချောင်ကျေးရွာ တိုက်နယ်ဆေးရုံကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ဤသို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ကျီနီချောင်ကျေးရွာဖြစ်သည်။ တိုက်ရိုက်သွား၍မရသော ရေလမ်းဖြစ်၍ ဘုရားပျို့ကျေးရွာကိုဦးတည်၍ မောင်းနေရသည်။ ဘုရားပျို့ကျေးရွာရောက်ပြီးမှ ရေလမ်းအတိုင်း ရွာ၏အရှေ့မြောက်ဘက်သို့ချိုးကွေ့၍ ကျီနီချောင်ကျေးရွာဆီသို့ ဦးတည်လိုက်သည်။

နှစ်ပေါင်း ၅၀ ကျော်

ခရမ်းမြို့သည် ကျေးရွာပေါင်း၁၀၀ကျော်နှင့် လူဦးရေ ၁၆၀၀၀၀ ကျော်ရှိသည်။ ကျေးရွာတော်တော်များများကို မိုးတွင်းကာလမှာ ခရမ်းမှ ပဲ့ထောင်မော်တော်ကလေးများနှင့်သွား၍ရသလို နွေဘက်တွင် မိုးတွင်းကမော်တော်နှင့်သွားရသည့်ချောင်းရိုးအတွင်းမှပင် ကားနှင့်သွား၍ရသည်။ ခရမ်းချောင်းသည် ဟိုယခင်က အရှေ့မုတ္တမပင်လယ်နှင့်ဆက်ခဲ့သော်လည်း တက်ရေကျရေမရှိတော့ဘဲ တိမ်ကောသွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ကျော်ခဲ့ပြီဖြစ်သည်။ထို့ကြောင့် မိုးတွင်း၌ မိုးရေများ တစ်မြို့နယ်လုံးသို့ဝင်နေပြီး နွေ၌ ထိုမိုးတွင်းက ရေဝင်ခဲ့သည့်ချောင်းများတွင် ရေများခန်းခြောက်သွားတတ်သဖြင့် ခြောက်သွားသော ချောင်းရိုးအတွင်းမှပင် ကားလမ်းအဖြစ် အသုံးပြု၍ရသည်။

ထို့ကြောင့်ပင် တစ်မြို့နယ်လုံးရှိ ကျေးရွာများသို့ မိုးနှင့်နွေမှာ သွားလာရေး အဆင်ပြေချောမွေ့နေသော်လည်း မိုးအကုန် နွေအကူး ဆောင်းဦးကာလ၌ သွားလာရေးမှာခက်ခဲလျက်ရှိသည်။ ခရမ်းမြို့သည် ရန်ကုန်တိုင်း၏ အရှေ့ဘက် အစွန်ဆုံးမြို့ဖြစ်၍ စာရေးသူနေထိုင်ခဲ့စဉ်က မြို့ပေါ်တွင်သာ ခုတင်(၂၅)လုံးဆံ့သည့် ဆေးရုံကလေးတစ်ရုံသာရှိသည်။ တိုက်နယ်ဆေးရုံဆို၍ တစ်ရုံမျှမရှိဘဲ ကျေးလက်ဆေးပေးခန်းမှာ အရှေ့ခြမ်းတွင် ရေကျော်နှင့် ဒေးပေါက်၊ အနောက်ခြမ်းတွင် ပိန်းကန်နှင့်ကျီနီချောင် ကမာမတ်ကျေးရွာတို့လောက်သာရှိ၍ လူဦးရေတစ်သိန်းကျော်မှာ ကျန်းမာရေးစောင့်ရှောက်မှုကောင်းစွာမရခဲ့ကြပေ။ မြို့ပေါ်ရှိ ဆေးရုံမှာလည်း ဓာတ်မှန်ခန်းမရှိ၊ ခွဲစိတ်ကိရိယာမပြည့်မစုံနှင့် ရောဂါနည်းနည်းကြီးလာလျှင် ရန်ကုန်သို့ပြေးကြရသည်။

ရန်ကုန်သို့ သွားရာမှာလည်း ခရမ်း-သန်လျင်ကားလမ်း ၃၄ မိုင်၊ သန်လျင်မှ ရန်ကုန် ရေလမ်းသင်္ဘောဖြစ်၍ သင်္ဘောကလည်း အချိန်ကန့်သတ်မှုကြောင့် ညဆိုလျှင်မရှိတော့။ သွားလိုလျှင် ရန်ကုန်မြစ်ကို သမ္ဗန်နှင့်သာ ဖြတ်ပေရော့။ ခရမ်း-သန်လျင်-ရန်ကုန်ခရီးမှာ မြို့ပေါ်မှသူများသာ ၃၄မိုင်နှင့် ပြီးသော်လည်း ကျေးရွာသူ ကျေးရွာသားများအတွက် မိုးနှင့် နွေမှာ ပဲ့ထောင်၊ ကား၊ လှည်းနှင့် ခရမ်းကိုလာ၍ရသော်လည်း မိုးနှောင်းဆောင်းဦးကာလ လှေမပေါက်၊ လှည်းမပေါက်ကာလဆိုလျှင် လူနာကို ခရမ်းမြို့ပေါ်အရောက် စောင်ကို ပုခက်လုပ်၊ ဝါးလုံးနှင့်လျှိုထမ်းပြီး ခြေကျင်လာရုံကလွဲ၍ အခြားနည်းလမ်းမရှိတော့ပေ။

အိပ်မက်ပမာ

ထို့ကြောင့် ကျီနီချောင်ကျေးရွာအုပ်စုနှင့်ပတ်ဝန်းကျင်မှ ရွာသူရွာသားတို့မှာ ကျန်းမာရေးသုခဆိုသည်မှာ ယခင်က အိပ်မက်ပမာသာ ဖြစ်ခဲ့ရသည်။ သည်ကနေ့တော့ တိုက်နယ်ဆေးရုံဖွင့်တော့မည်ဖြစ်သည်။ စာရေးသူသည် ကျီနီချောင်ဆေးရုံဖွင့်ပွဲသို့ ဆေးရုံဆောက်လုပ်ရေးအတွက် ငွေကျပ် ငါးသိန်း လှူထားသောအလှူရှင်တစ်ဦးအဖြစ်နှင့်လည်းကောင်း၊ သတင်းသမားတစ်ဦးအဖြစ်နှင့်လည်းကောင်း တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အလှူရှင်အဖြစ်တွင် ခရမ်းမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့မှ သူငယ်ချင်းမိတ်ဆွေ အလှူရှင် ၁၃ ဦးနှင့် အတူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (ခရမ်းမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့မှ အလှူရှင် ၁၄ ဦးက တစ်ဦးလျှင် ငွေကျပ် ငါးသိန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း၇၀ ကို ဆေးရုံဆောက်လုပ်စဉ်က ပါဝင်လှူဒါန်းခဲ့ပါသည်။) ကျီနီချောင်ကျေးရွာကို ကျွန်တော်တို့ ပဲ့ထောင်ကလေး ဆိုက်ချိန်မှာ ရွာအဝင်ချောင်းရိုးကမ်းပါးပေါ်တစ်လျှောက်မှ ကျေးရွာလူထုက ကမ်းလုံးညွတ်မျှ ကြိုဆိုကြသည်။

ကျန်းမာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးသော မောင်းနှင်အားတစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းတည်ဆောက်လျက်ရှိကြသော ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့ အသက်ရှင်နေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုကို ခံယူကာ အခြားနီးနွယ်နေသည့် ဝန်ကြီးဌာနများ၊လူမှုရေးအဖွဲ့များအပါအဝင် စေတနာရှင်ပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိနေခြင်းဖြစ်သည်။

နေရာတိုင်း

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးနယ်စပ်ဒေသမကျန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အစီအမံများကို ဟန်ချက်ညီဆောင်ရွက်ပေးလျက်ရှိရာမှ ဆေးဝါးကုသမှုနှင့် ရောဂါကာကွယ်မှုအဆင့်များကို နေရာတိုင်း အချိန်တိုင်း ရရှိခံစားစေရန် ဆေးရုံ၊ ဆေးခန်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ကျွမ်းကျင်ဆရာဝန်၊ သူနာပြုများခန့်အပ်ပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေသည်မှာ ကျီနီချောင် တိုက်နယ်ဆေးရုံဖွင့်ပွဲက သက်သေပြလျက်ရှိသည်။

တိုက်နယ်ဆေးရုံဖွင့်ပွဲကို ထိုနေ့က ဆေးရုံမျက်နှာစာ၌ ကျင်းပသည်။ ရှေးဦးစွာတိုက်နယ်ဆေးရုံအဆောက်အအုံကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုက်နယ်ဆေးရုံ၏ ဆိုင်းဘုတ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်သို့ ပေးအပ်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဒေသအသီးသီးမှာ အကြားအလပ်မရှိရအောင် တိုးတက်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပြီး ဒေသတစ်ခုချင်းဆီမှာ တက္ကသိုလ်ကြီးတစ်ခု၊ နည်းပညာ ကောလိပ်တစ်ခု၊ ကွန်ပျူတာကောလိပ်ကြီးတစ်ခုနှင့် ခုတင်(၂၀၀)ဆံ့ အထူးကုအထွေထွေ ဆေးရုံကြီး တစ်လုံးစီတို့ကိုပါဝင်ဖွဲ့စည်းစေပြီး တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ ပညာရည်မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ တစ်နံတစ်လျား အစိတ်အပိုင်းများမကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ဆူကြုံနိမ့်မြင့်ကွာဟချက် ကျဉ်းမြောင်းမှုများ ပပျောက်ကာ ညီညွတ်မျှတစွာ တိုးတက်လျက်ရှိနေပေပြီ။

ခရမ်းမြို့နယ် ကျီနီချောင်တိုက်နယ် ဆေးရုံဖြစ်ပေါ်လာပုံကို အကျဉ်းချုံးဖော်ပြရလျှင် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ရက်မှ ဩဂုတ် ၁၅ရက်အထိ ကာလအတွင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ်ရှိ ကျေးရွာအသီးသီးသို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးရာမှ စတင်ခဲ့ကြောင်း သိရှိရပြီး ကွင်းဆင်း ခရီးစဉ်အပြီး ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁ရက်က ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဒေသခံတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအပြီး ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကုန်ကျ

တိုက်နယ်ဆေးရုံကို ၂၀၀၅ခုနှစ်အတွင်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၈ရက်၌ ဆောက်လုပ်ရေးကော်မတီဖွဲ့၍ စတင်တည်ဆောက်ခဲ့သော်လည်း ၂၀၀၇ခုနှစ် မေလတွင် လုပ်ငန်းများ တန့်သွားခဲ့သေးသည်။ ၂၀၀၇ခုနှစ် ဇွန်လမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ တာဝန်ပေးချက်အရ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကတာဝန်ယူတည်ဆောက်ပေးခဲ့ရာ ၂၀၀၈ခုနှစ် မတ်လ၌ ပြီးစီးခဲ့သည်။ ပင်မဆေးရုံနှင့် ဆရာဝန်နေအိမ်၊ ဝန်ထမ်းအိမ်ရာအပါအဝင် ဆောက်လုပ်ကုန်ကျငွေ ကျပ်၁၁၂၃သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ ကျန်းမာရေးနှင့် သားဖွားဆရာမနှစ်ဦး၊ ဆေးစပ်တစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်း လေးဦးတို့ထားရှိပြီး ခရမ်းမြို့နယ် ကျီနီချောင်းအိုးဝအပါအဝင် တဲစုများနှင့် ခရမ်းမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကဝမြို့နယ်အတွင်းမှ ကျေးရွာများအပါအဝင် ကျေးရွာ ၁၇ ရွာမှ ကျေးရွာလူထုသုံးသောင်းကျော်တို့ အခမဲ့ ဆေးဝါးကုသခွင့် ရရှိနိုင်ကြပြီဖြစ်၍ ဝမ်းသာပီတိများဖြင့် သတင်းမြင်ကွင်းမှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး(ဗဟို)၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ဟောပြော

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးသော်က ငါးနှစ်အောက်ကလေးများ အာဟာရအကြောင်းကိုဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၉-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပဒေသာ
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)**
၈း၃၀ ၈။ International News
၈း၄၀ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
၄း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၀၅ ၆။ အဆိုပြိုင်ပွဲ
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅း၄၅ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၄၀ ၁၂။ လပွတ္တာမြို့နယ် ပိုးလောင်း ကျေးရွာ မိုးစပါးစိုက်ပျိုးရေး
၆း၅၀ ၁၃။ **စီးဆင်းပါစေ မေတ္တာရည်** မေကဗျာ၊ ဖူးဖူး (ဒါရိုက်တာ-ခင်ဇော်-ကုမုဒြာ)
၇း၀၀ ၁၄။ တေးဂီတအစီအစဉ်
၇း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၁၁)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၁)
၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့် မှတ်တမ်းများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲ မိခင်နှင့်ကလေးကျန်းမာရေးဌာနစိတ်သို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့် မှတ်တမ်း (Home-based Maternal Record) လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါ်ထွေးထွေးညွန့်၊ ဒေါ်တင်တင်မြ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာ သိန်းသိန်းဌေး၊ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)ဒေါက်တာသန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး(မိခင်၊ကလေး) ဒေါက်တာ သီဂီမြင့်တို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးထံ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့်မှတ်တမ်း (Home-base Maternal Record) နှစ်သိန်းကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် စက်တင်ဘာလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၈-၉-၂၀၀၈)ရက်နေ့ ၂၀၀၈ခုနှစ် အောက်တိုဘာလအတွက်
(၁၂-၁၀-၂၀၀၈)ရက်နေ့ နှင့် (၂၆-၁၀-၂၀၀၈)ရက်နေ့

လက်ကိုင်ဖုန်းသုံးစွဲသူများ သိမှတ်စရာ

လက်ကိုင်ဖုန်းများကို စားပွဲနှင့် ထိုင်ခုံများပေါ် ပစ်မတင်သင့် ရေငွေ့မဝင်နိုင်အောင်လည်း သတိပြုကိုင်တွယ်အသုံးပြုရန်လို

အမေး၊ အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် စက်တင်ဘာ ၂၄

ယနေ့ခေတ်သည် အိုင်တီနည်းပညာ ခေတ်ဖြစ်သည်။ အိုင်တီနည်းပညာများ အံ့မခန်း တိုးတက်လာသည်နှင့်အမျှ ဆက်သွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍတွင် ကြိုးတပ်ဖုန်းများထက် ကြိုးမဲ့ဖုန်းအမျိုးမျိုး ထွက်ရှိလာသလို သုံးစွဲမှုလည်း ပိုမိုများပြားလာသည်။

ထိုသို့ သုံးစွဲမှုများပြားလာသော ဆယ်လ်လူလာ၊ မိုဘိုင်းလ်၊ စီဒီအမ်အေ၊ ဂျီအက်စ်အမ်စသည့် တယ်လီဖုန်းများ သုံးစွဲမှုအပေါ် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပြည်သူများသိရှိရန် Best Seller ဖုန်းပြုပြင်ရောင်းဝယ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ တစ်ဦးဖြစ်သူ ကိုစိုးမောင်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- လက်ကိုင်တယ်လီဖုန်းတွေ၊ ဂျီအက်စ်အမ်၊ စီဒီအမ်အေ တယ်လီဖုန်းတွေ အပျက်အစီးနည်းအောင် ဘယ်လိုထိန်းသိမ်း ကာကွယ်သင့်တယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ- ဘယ်ဖုန်း အမျိုးအစားပဲကိုင်ကိုင် ဖုန်းတွေဟာ အီလက်ထရွန်နစ်ပစ္စည်းဖြစ်တဲ့အတွက် ရေဝင်လို့မရပါဘူး၊ ဒါ့အပြင် ရေငွေ့ဝင်လို့လည်း မဖြစ်ပါဘူး၊ ဖုန်းထဲရေဝင်ရင် အဲဒီဖုန်းဟာ ချက်ချင်းပျက်တတ်သလို ရေငွေ့ဝင်ရင်လည်း တဖြည်းဖြည်းနဲ့ ပျက်စီးတတ်ပါတယ်။ ရေဆိုတဲ့နေရာမှာ အချိုရည်၊ ဟင်းရည်တွေလဲပါတာပဲ။ ဂရုစိုက်ကိုင်တွယ်ရမှာပါ။

မေး- ဖုန်းထဲရေဝင်တာတို့၊ ရေငွေ့ဝင်တာတို့တွေဖြစ်ခဲ့ရင် ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။

ဖြေ- ရေဝင်တာသိတာနဲ့ဖုန်းထဲက ဓာတ်ခဲကို ချက်ချင်းထုတ်ရမယ်၊ အပူပေးကိရိယာနဲ့ ခြောက်သွေ့အောင် လုပ်ပေမယ့် မလုံလောက်ပါဘူး၊ ရေငွေ့တွေ ပြန်ပေါ်နိုင်ပါတယ်။ ကျွမ်းကျင်တဲ့ ပြုပြင်ဆိုင်တွေပို့ပြီး အမြန်ဆုံးပြင်ရမှာပါ။

မေး- လက်ကိုင်ဖုန်းတွေကို အိပ်ရာပေါ်၊ စားပွဲခုံပေါ်နဲ့ ကားထိုင်ခုံတွေပေါ် ပစ်တင်တာမျိုးတွေက ဖုန်းကို ထိခိုက်နိုင်လား။

ဖြေ- အဲဒီလို လက်ကိုင်ဖုန်းကို တစ်ခုခုပေါ်ပစ်တင်တာမျိုးတွေမလုပ်သင့်ဘူး၊ ဖုန်းအတွင်းက စကားပြောခွက်ပျက်စီးတတ်ပါတယ်။ ဒါ့အပြင် လက်ကိုင်ဖုန်းရဲ့ ဖန်သားပြင်ပျက်စီးတတ်ပါတယ်။ ပျက်စီးတယ်ဆိုတာက ဖုန်းထဲမှာပါတဲ့ ပုံဖော်ဓာတုဆေးရည်ဟာ ဘေးဘက်က အစိတ်အပိုင်းတွေအထိ ထွက်ရှိလာပြီး ဖုန်းရဲ့ဖန်သားမျက်နှာပြင်ပေါ်မှာ ဂဏန်းနံပါတ်တွေ၊ အရုပ်တွေ မပေါ်နိုင်တော့ပါဘူး။

မေး- အသွင်းအထုတ်လုပ်ပြီး ပြောလို့ရတဲ့ Slide ဖုန်းနဲ့ ခေါက်ပြီး ဖွင့်ပိတ်လို့ရတဲ့ လက်ကိုင်ဖုန်းတွေကို ဖုန်းမပြောတဲ့အချိန်မှာ အဖွင့်အပိတ်လုပ်တာမျိုးကော ဖုန်းကို ထိခိုက်နိုင်သလား။

ဖြေ- လက်ကိုင်ဖုန်းတွေ အမျိုးမျိုးရှိတဲ့ နေရာမှာ အဲဒီ Slide ဖုန်းနဲ့ ခေါက်ဖုန်းတွေကို သတိထားသုံးစွဲသင့်တယ်။ မလိုအပ်ဘဲ ခဏခဏ အဖွင့်အပိတ်လုပ်ရင် ဆက်သွယ်ထားတဲ့ကြိုး ပြတ်သွားတတ်တယ်။ ကြိုးပြတ်သွားတာနဲ့ အဲဒီကြိုးနဲ့ ဆက်စပ်တဲ့ အခြားအစိတ်အပိုင်းတွေပါ ထိခိုက်ပျက်စီးတတ်ပါတယ်။

မေး- လက်ကိုင်ဖုန်းတွေမှာ အဲဒီလို ခေါက်ချိုးပြီး အဖွင့်အပိတ်လုပ်တာ၊ အပေါ်အောက်ဆွဲထုတ်ပြီး အဖွင့်အပိတ်လုပ်တာ အကြိမ်အရေအတွက် သတ်မှတ်ထားတာများ ရှိပါသလား။

ဖြေ- လက်ကိုင်ဖုန်းတွေအားလုံးက စီးပွားရေးကုမ္ပဏီတွေက ထုတ်လုပ်ကြတာမို့ သူတို့ပစ္စည်းတွေရောင်းအား၊ ထုတ်အားမျှတအောင် စနစ်တကျစီစဉ်ထုတ်လုပ်ကြတာဆိုတော့ အဲဒီလို အဖွင့်အပိတ် အကြိမ်အရေအတွက် သတ်မှတ်ထားလိမ့်မယ်လို့ ယူဆပါတယ်။

"လိုင်းဆွဲအားကောင်းတဲ့ Hand Set အမျိုးအစားတွေကိုပဲ သုံးစွဲသင့်ပါတယ်။ အမြင်ဆန်းပြီး လှဖို့ ဦးစားမပေးသင့်ပါဘူး"

ကိုစိုးမောင်မောင်
အုပ်ချုပ်မှုဒါရိုက်တာ

မေး- တချို့ လက်ကိုင်ဖုန်းတွေက စကားပြောလို့ မကောင်းဘူး၊ တချို့က ကောင်းတယ်၊ ဘာများကွာခြားလို့လဲ။

ဖြေ- Hand Set နဲ့လည်း ဆိုင်မယ်ထင်ပါတယ်၊ တချို့ Hand Set တွေက လိုင်းဆွဲအားကောင်းတယ်၊ တချို့က လိုင်းဆွဲအားမကောင်းပါဘူး၊ တစ်နေရာတည်းမှာ သူများလက်ကိုင်ဖုန်းက စကားပြောလို့ နားထောင်လို့ကောင်းပြီး ကိုယ့်လက်ကိုင်ဖုန်းက မကောင်းရင်တော့ ကိုယ့် Hand Set ရဲ့ အားနည်းချက်ပါပဲ။

မေး- ဒါဆို လက်ကိုင်ဖုန်းတွေလည်း ရွေးချယ်သုံးစွဲသင့်တာပေါ့။

ဖြေ- မှန်ပါတယ်၊ တချို့လက်ကိုင်ဖုန်းတွေက အမြင်မှာ ပုံစံဒီဇိုင်းလှပေမယ့် အတွင်းထဲက ရေဒီယိုအိုင်စီတွေက အရည်အသွေး မကောင်းပါဘူး။ တချို့အမျိုးအစားက စတင်သုံးစွဲချိန်ပဲ ကောင်းပြီး တစ်လနှစ်လ အတွင်းမှာ မကောင်းတော့ဘူး။ ဒါကြောင့် လိုင်းဆွဲအား ကောင်းတဲ့ Hand Set အမျိုးအစားတွေကိုပဲ သုံးစွဲသင့်ပါတယ်။ အမြင်ဆန်းပြီးလှဖို့ ဦးစားမပေးသင့်ပါဘူး။

မေး- ဒါဆို Hand Set တစ်လုံးကို အချိန်ကာလ ဘယ်လောက်အထိ သုံးစွဲသင့်ပါသလဲ။

ဖြေ- ကျွန်တော့်အယူအဆကတော့ အများဆုံး နှစ်နှစ်လောက်အထိပဲ သုံးစွဲသင့်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်ကြာလာတာနဲ့အမျှ အထဲကအိုင်စီတွေရဲ့အားတွေ ကျလာနိုင်လို့ပါပဲ

ဟု ဖြေကြားခဲ့ရာ လက်ကိုင်ဖုန်းအသုံးပြုသူများအတွက် သတိပြု ဆင်ခြင်သုံးစွဲသင့်ပါကြောင်း ဗဟုသုတအဖြစ် တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လက်ကိုင်ဖုန်း

အသစ်ပေါ် ထွက်လျက်ရှိသောလက်ကိုင်ဖုန်း အမျိုးအစား မျိုးစုံကို ဤသို့ တွေ့ရသည်။

မိခင်နို့သာ အကောင်းဆုံး

မွေးကင်းစကလေးအတွက် အာဟာရကတော့ မိခင်နို့သာဖြစ်ပါသည်။ မိခင်နို့ဟာ ကလေးအတွက် ပြီးပြည့်စုံတဲ့အစာဖြစ်ပါသည်။ မိခင်နို့မှာ ကလေးအတွက် အင်အားဖြစ်စေတဲ့ အာဟာရတွေ၊ ခန္ဓာကိုယ်ကြီးထွားစေတဲ့ အာဟာရတွေ၊ ရောဂါကာကွယ်စေတဲ့ အာဟာရတွေ ပါဝင်ပါသည်။ ဒီအာဟာရတွေကို မိခင်စားနေကျ အစာတွေကပဲ ရရှိပါသည်။ ထို့ကြောင့် မိခင်ဟာ အာဟာရ စုံလင်စွာစားရပါမည်။ သို့မှသာ မိခင်နို့မှာလည်း အာဟာရဓာတ်များ စုံလင်စွာပါရှိနေမှာ ဖြစ်ပါသည်။

- အာဟာရဓာတ်များသည် ကလေး အသက် (၆)လအရွယ်အထိ နေ့စဉ် လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနေနိုင်လောက်အောင် ပမာဏအားဖြင့် လုံလောက်စွာ ပါဝင်နေပါသည်။
- မိခင်နို့သည် အဆီဓာတ် ၄ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ ထိုအဆီဓာတ်ပါဝင်မှုသည် အင်အားဓာတ် ကယ်လိုရီစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်း ပေးနိုင်ပါသည်။ ဒီအဆီဓာတ်ကို ချေဖျက်နိုင်ဖို့ လိုင်ပေ့(စ)ခေါ်တဲ့ အစာချေအင်ဇိုင်းပါတဲ့အတွက် မိခင်နို့က အဆီကို လွယ်ကူစွာ ချေဖျက်နိုင်ပါသည်။
- **ဦးနှောက်သည် သကြားကို အများဆုံးအသုံးပြုသည့် အင်္ဂါအစိတ်အပိုင်းဖြစ်ရာ ဉာဏ်ရည်အမြင့်ဆုံးသတ္တဝါဖြစ်သည့် လူသတ္တဝါအတွက် သကြားဓာတ် အများဆုံးပါဝင်သော မိခင်နို့သည် အကောင်းဆုံးဖြစ်ပါသည်။**
- မိခင်တို့ရဲ့ စားသုံးမှုများလျှင်များသလို ဗီတာမင်ဘီဝမ်း၊ ဘီတူးနဲ့ ဗီတာမင်စီဓာတ်များလည်း ပါဝင်နေပါသည်။
- သတ္တုဓာတ်များဖြစ်တဲ့ သံဓာတ်၊ ထုံးဓာတ်နဲ့ ကော့ပါးဓာတ်များလည်း ပါဝင်ပါသေးသည်။
- မိခင်သည် အိုင်အိုဒင်းအာဟာရစားသုံးမှုများလျှင်များသလို မိခင်နို့တွင် အိုင်အိုဒင်းပါဝင်မှု မြင့်မားလာသည်။ ထို့ကြောင့် ရင်သွေးငယ်၏ ဦးနှောက်ဖွံ့ဖြိုးမှုကောင်းစေရန်၊ ဉာဏ်ရည် ထက်မြက်စေရန် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံး ကြရပါမည်။
- အတော်အတန်အာဟာရချို့တဲ့နေသော မိခင်များသည် အာဟာရပြည့်ဝသော မိခင်များလောက် နို့ထွက်သည့်ပမာဏ မများသည်ကလွဲ၍ ထိုမိခင်၏ နို့တွင် အရေးကြီးသည့် အာဟာရဓာတ်များဖြစ်သော သကြားဓာတ်နှင့် ပရိုတင်းဓာတ် ပါဝင်မှုသည် အတူတူပင်ဖြစ်သည်။ အဆီဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဝမ်း၊ ဘီတူးစသည့် အာဟာရဓာတ်များ ပါဝင်မှုသည် မိခင်စားသုံးသည့် အာဟာရအပေါ်တွင်မူတည်၍ အနည်း အများ ခြားနားနိုင်ပါသည်။

ဒေါက်တာအေးအေးသော်

- လမစေ့ဘဲမွေးသော မိခင်မှထွက်သော နို့တွင် ပါဝင်သည့် အာဟာရဓာတ်များသည် လစေ့ပြီးမှ မွေးသော မိခင်၏နို့နှင့် ကွာခြားပါသည်။ လမစေ့ဘဲမွေးသော မိခင်မှထွက်သောနို့တွင် ပရိုတင်း၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်နှင့် ကလိုရိုက်ဓာတ်များ များပြားစွာ ပါဝင်နေပြီး လမစေ့သောကလေးကို လျင်မြန်စွာ ကြီးထွားစေနိုင်ပါသည်။ ထို့ကြောင့် ထိုလမစေ့ဘဲ မွေးသော ကလေးများကို မိခင်နို့ကို မပျက်မကွက် တိုက်ကျွေးရပါမည်။
- **သတ္တဝါတစ်မျိုး၏မိခင်နို့သည် ယင်းသတ္တဝါ၏ ရင်သွေးငယ်အတွက် အကောင်းဆုံးသော အစာဖြစ်ပါသည်။ နွားပေါက်စကလေးအတွက် နွားနို့သည် အကောင်းဆုံးဖြစ်သလို ဆိတ်နို့သည် ဆိတ်သားပေါက် ကလေးအတွက် အကောင်းဆုံး၊ ကျွဲနို့သည် ကျွဲပေါက်စ ကလေးအတွက် အကောင်းဆုံး၊ လူမိခင်၏ နို့သည် လူသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးသော အာဟာရဖြစ်ပါသည်။**
- သတ္တဝါတစ်မျိုး၏ မိခင်နို့သည် အခြားသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးအစာ မဖြစ်ရုံမျှမက အန္တရာယ်ပင် ပြုနိုင်ပါသည်။

ဥပမာပြရလျှင် မိခင်သေဆုံးသွားသော သားပိုက်ကောင်ကလေးများကို နွားနို့ တိုက်ကြည့်ရာ ထိုသားပိုက်ကောင်ကလေးများတွင် မျက်စိနှစ်ဖက်စလုံး အတွင်းတိမ်စွဲပြီး မျက်စိကွယ်သွားကြသည်ကို တွေ့ရကြောင်း သုတေသနအထောက်အထား ရှိပါသည်။ ပင်လယ်ဖျံပေါက်စလေးများကို နွားနို့တိုက်ကြည့်ရာ နွားတွင်ပါဝင်သော သကြားဓာတ် ပမာဏသည် ပင်လယ်ဖျံနို့တွင်ပါဝင်သော သကြားဓာတ် ပမာဏထက် အဆမတန်များနေသဖြင့် ဖျံပေါက်စကလေး များ အပြင်းအထန် ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြသည်ကို တွေ့ရပါသည်။

ထို့ကြောင့် လူသတ္တဝါ ရင်သွေးငယ်များအတွက် (လူ) မိခင်၏နို့သည်သာ အကောင်းဆုံးဖြစ်ကြောင်း မိခင်နှင့် မိခင်လောင်းများ သဘောပေါက်သင့်ပါသည်။

ထို့ကြောင့် အောင်မြင်စွာ နို့ချိုတိုက်ကျွေးနိုင်ရန် အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်စေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်-

(၁) ကလေးမွေးပြီး စောနိုင်သမျှ စောစွာ ကလေးကို မိခင်နို့ တိုက်ကျွေးရပါမည်။
(၂) နို့ဦးရည်ကြည်ကို မညှစ်ပစ်ဘဲ ကလေးကို တိုက်ကျွေးရပါမည်။
(၃) ကလေးအသက် (၆)လပြည့်သည်အထိ အခြား မည်သည့် ရေ၊ အရည်နှင့် အဖတ်များကိုမျှ မကျွေးရပါ။
(၄) မိခင်နို့ကို မကြာခဏ တိုက်ကျွေးပါ။ သို့မှသာ နို့ရည်ပိုမိုထွက်လာမှာ ဖြစ်ပါသည်။
(၅) မိခင်ရဲ့ သားမြတ်ကိုလည်း သန့်ရှင်းစွာ ထားရပါမည်။
(၆) နို့တစ်ခါတိုက်လျှင် အချိန်ကြာကြာ တိုက်ရပါမည်။
(၇) နေ့ရောညပါ တိုက်ရပါမည်။
(၈) မိမိအိမ်အပြင်ထွက်ပြီး အလုပ်သွားလုပ်ရသော မိခင်များသည် မိမိ၏ နို့ကို သန့်ရှင်းသောလက်ဖြင့် သန့်ရှင်းသော ခွက်အတွင်းသို့ ညှစ်ချပြီး အိမ်တွင်ထားခဲ့နိုင်ပါသည်။ (သာမန် အခန်း အပူချိန်တွင်ပင် ထားနိုင်ပါသည်။)
(၉) အခြား မိခင်နို့နှင့် အလားတူ ထုတ်လုပ်ထားသော မည်သည့် နို့မှုန့်၊ နို့ဆီနှင့် နို့ထွက် ပစ္စည်းကိုမျှ မတိုက်ကျွေးသင့်ပါ။ ။

သတ္တဝါတစ်မျိုး၏မိခင်နို့သည် ယင်းသတ္တဝါ၏ ရင်သွေးငယ်အတွက် အကောင်းဆုံးသောအစာ ဖြစ်ပါသည်။ နွားပေါက်စကလေးအတွက် နွားနို့သည် အကောင်းဆုံးဖြစ်သလို ဆိတ်နို့သည် ဆိတ်သားပေါက်ကလေးအတွက် အကောင်းဆုံး၊ ကျွဲနို့သည် ကျွဲပေါက်စ ကလေးအတွက် အကောင်းဆုံး၊ လူမိခင်၏နို့သည် လူသတ္တဝါရင်သွေးငယ်အတွက် အကောင်းဆုံးသော အာဟာရဖြစ်ပါသည်။

ဘာလီကျွန်းတွင်ကျင်းပမည့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အမျိုးသားအသင်းယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၈ရက်မှ ၂၆ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပမည့် ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမျိုးသားအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆောင်ရွက်မည်

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် (ဧဒင်အုပ်စုကုမ္ပဏီလီမိတက်)က ဆောင်ရွက်မည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းကလည်းကောင်း၊ နည်းပြချုပ်အဖြစ် အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်-လေ) နှင့် နည်းပြအဖြစ် အဖွဲ့ချုပ် နည်းပြဆရာ ဦးသန်းလွင်တို့ လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်

ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများမှာ အဖွဲ့ချုပ်လက်ရွေးစင်များဖြစ်သည့် အောင်ချိုမြင့်၊ အောင်မျိုးသွင်၊ ဇော်လတ်၊ ကျော်သီဟဦး၊ ဇော်ဇော်အောင်(က)၊ ဇင်မောင်၊ ချစ်နောင်နောင်၊ အောင်မျိုးဆွေ၊ သိန်းဇော်မင်း၊ စည်သူလင်း၊ ကျော်စိုးဝင်းနှင့် ဒိုင်လူကြီးအဖြစ် ဦးကျော်ဝင်းတို့ လိုက်ပါသွားကြမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် အောက်တိုဘာ ၁၅ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အကြိုတ်အနယ်ယှဉ်ပြိုင်

စက်တင်ဘာ ၂၄ရက်က (၁၄) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ကရင်ပြည်နယ်(က)အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (ခ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

✻ ကျော်ဖုံး အင်တာနက်ဖောင်ပိတ်အညွှန်းမှ

ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့မြောက်ဘက် အဂူကာဒိုရာကမ်းခြေ၌ ရေလှိုင်းများ၏ အားကိုယူကာ ဓာတ်အားထုတ်ယူရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်၌ ငါးကီလိုမီတာအရှည်ရှိသည့် ရေလှိုင်းများ အားကိုရယူသည့် ဇော်ယာများမှတစ်ဆင့် ဂျင်နရေတာလည်ပတ်စေကာ ဓာတ်အားထုတ်ယူရရှိခြင်းပင်ဖြစ်သည်။

သဘာဝစွမ်းအား

ရေလှိုင်းအားများမှာ အချိန်ပြည့်ရယူနိုင်သည့် သဘာဝစွမ်းအားတစ်ရပ်ဖြစ်ရာ တစ်နှစ်တာ လေ့လာစမ်းသပ်ပြီးနောက် ယခုအခါ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုတော့မည်ဖြစ်ကြောင်း သိရသည်။

ရေလှိုင်းအားများကို ရယူသည့်ဇော်ယာများနှင့် တွဲလျက် ဂျင်နရေတာများတွင် ပလပ်ခေါင်းများတပ်ဆင်ပြီး ယင်းပလပ်ခေါင်းများမှတစ်ဆင့် ဓာတ်ကြိုးများသွယ်တန်းကာ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်းဖြစ်သည်။ ထိုသို့ ရေလှိုင်းအားမှ ဓာတ်အားရယူသည့်လုပ်ငန်းတစ်ခုလျှင် နေအိမ်ပေါင်း ၁၅၀၀ ခန့်အား ဓာတ်အား အပြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ပေါ်တူဂီနိုင်ငံ၌ ရေလှိုင်းအားမှ ဓာတ်အားထုတ်ယူရေးလုပ်ငန်း ၂၅ ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်သူလျှိုလေယာဉ်အား ပါကစ္စတန်တပ်ဖွဲ့က ပစ်ချ

မီရန်ရှန် စက်တင်ဘာ ၂၄

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်ဒေသ ပါကစ္စတန်နိုင်ငံပိုင်နက် အတွင်း ပျံသန်းဝင်ရောက်လာသော အမေရိကန်တို့၏ သူလျှိုလေယာဉ်တစ်စင်းကို စက်တင်ဘာ၂၄ရက် မွန်းလွဲပိုင်းက မိမိတို့ပစ်ချခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်က ပြောကြားသည်။

ပစ်ခတ်ဟန့်တား

တာလီဘန်လက်နက်ကိုင်များတိုက်ခိုက်ရန် အကြောင်းပြချက်ဖြင့် ပြီးခဲ့သည့် ရက်အနည်းငယ်ကလည်း ဝေဟင်ပိုင်နက်အတွင်း ပျံသန်းဝင်ရောက်လာသော အမေရိကန် စစ်လေယာဉ်နှစ်စင်းကိုလည်း ပါကစ္စတန်တပ်ဖွဲ့များက ပစ်ခတ်ဟန့်တားခဲ့သည်။ အမည်မသိ ထောက်လှမ်းရေးလေယာဉ်တစ်စင်းကို မိမိတို့တပ်ဖွဲ့ဝင်များက ပစ်ချခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုတွင် သေဆုံးခြင်း ရှိမရှိ သေချာစွာ မသိရကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၂ရက်အတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၁ ပေခန့်မှ ၂၀ ဒသမ ၆၇ ပေခန့်အထိ ထူးကဲဒီရေ တက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

လေဘေးကာယ်ဆယ်ရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ဆောင်ရွက်ခဲ့သော လေဘေးကယ်ဆယ်ရေး အစီအစဉ်များကို ကဏ္ဍအသီးသီးမှ တင်ပြဆွေးနွေးသည့် Post Nargis Seminar ကို စက်တင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ဆရာဝန်များနှင့် စေတနာရှင်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပ်စ်ဗီးဂတ်စ်၌ ဟိုတယ်မီးလောင်မှုဖြစ်ပွား ဆေးလိပ်သောက်ရာမှ မီးစတင်လောင်ခြင်းဖြစ်

လပ်စ်ဗီးဂတ်စ် စက်တင်ဘာ ၂၄

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့ရှိ ဘီလ်လာဂီရိုဟိုတယ်၌ စက်တင်ဘာ ၂၄ရက်နံနက်က မီးလောင်မှုဖြစ်ပွားရာ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း လပ်စ်ဗီးဂတ်စ်မြို့ မီးသတ်အရာရှိများက ပြောကြားသည်။ မီးလောင်မှုဖြစ်ပွားသည့် နေရာမှာ ယင်းဟိုတယ်၏ ၂၆ထပ်၌ဖြစ်ပြီး ဧည့်သည်တစ်ဦးက အိပ်ရာပေါ်၌ ဆေးလိပ်သောက်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း မုံရွာစက်မှုဇုန်နှင့် ကုန်စည်ဒိုင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၀ရက် မွန်းလွဲပိုင်းက မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့်စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံတွင် စက်အရန် ပစ္စည်းထုတ်လုပ်မှုများ၊ ထွန်စက်ငယ်ထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် သီဟထွန်းကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်၌ မုံရွာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ မုံရွာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းအောင်က မုံရွာစက်မှုဇုန်၏ လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းစု ၁၂စုမှ တာဝန်ခံများက ကုန်ပစ္စည်းအုပ်စုအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးမြင့်ဝင်းက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော စက်ပစ္စည်းများ တင်သွင်းပေးနေမှု အခြေအနေများကိုလည်းကောင်း၊ သီဟထွန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက သံရည်ကျိုစက်ရုံလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ညနေ ၅နာရီတွင် မုံရွာကုန်စည်ဒိုင်မှ ကုန်သည်များနှင့်တွေ့ဆုံ၍ ကုန်သည်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး ခင်းကျင်းပြသထားသော ပဲ၊ နှမ်းနမူနာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပန်းချီအနုပညာ အလှူပွဲတော် ပန်းချီကားလက်ခံရက်

ရန်ကုန် စက်တင်ဘာ ၂၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပန်းချီအနုပညာ အလှူပွဲတော်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ပန်းချီပညာရှင်များ၏ ပန်းချီကားများကို တစ်ဦးလျှင် နှစ်ကားကျစီ ပါဝင်ပြသရောင်းချ၍ ရောင်းချရငွေ၏ ၅၀ရာခိုင်နှုန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ပန်းချီပညာရှင်များက လှူဒါန်းကြမည်ဖြစ်သည်။ ပန်းချီအနုပညာ အလှူပွဲတော်ကို လာမည့် နိုဝင်ဘာ ၁ ရက်မှ၁၆ရက်အထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမဆောင်ကြီးတွင် ပြသရောင်းချသွားမည်ဖြစ်ရာ ပွဲတော်တွင် ပြသရောင်းချမည့် ပန်းချီကားများကို Catalogue ပြုလုပ်နိုင်ရန်အတွက် စက်တင်ဘာ ၂၅ရက်အမီ ပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ဘိုးဘွားရိပ်သာ)**

ပေးအပ်လှူဒါန်း

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် Mr.Gordon Bacon OBE (အဖွဲ့ခေါင်းဆောင်)International Rescue Committee(IRC)က လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း ပြုပြင်ရန် အလှူငွေများလာရောက်လှူဒါန်း

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လက်ခံယူ

ရန်ကုန် စက်တင်ဘာ ၂၄

လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းပြုပြင်ရန် အလှူရှင် Mr.Gordon Bacon OBE (အဖွဲ့ခေါင်းဆောင်) International Rescue Committee (IRC)က ငွေကျပ်သိန်း၄၅၀နှင့် WFC Global Aid Network (GAiN) ပြည်ပတွင် အလုပ်လုပ်ကြသော မိသားစုဝင်များကိုယ်စား ဥက္ကဋ္ဌ ဒေါက်တာတင်မောင်ထွန်းနှင့်အဖွဲ့က အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ အဝတ်အထည်များ၊ ကစားစရာ အရုပ်များ၊ လူသုံးကုန်ပစ္စည်းများနှင့် နို့မှုန့်များကို စက်တင်ဘာ ၂၂ရက် နံနက် ၁၁နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်လင်ဓာတ်အားခွဲရုံစစ်ဆေး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ရေးမှာကြား

နေပြည်တော် စက်တင်ဘာ ၂၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ၂၁ရက် နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် လှိုင်လင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိ၍ မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ၆၆/၁၁ ကေဗွီ ၅အမ်ဗွီအေ လှိုင်လင်ဓာတ်အားခွဲရုံ တည်ဆောက်မှုလုပ်ငန်းသို့ရောက်ရှိပြီး အင်ဂျင်နီယာမှူး ဦးကျော်ခိုင်ထွန်းက ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားခွဲရုံကိုသတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင်တည်ဆောက်ရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးတို့ကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ၁၃၂ ကေဗွီ ကလော-ပင်းပက် ဓာတ်အားလိုင်းအတွက် တာဝါတိုင်များ စိုက်ထူပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၆ရက်က ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့အဝင်လမ်းတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ သရက်မြို့ အထက(၁) တွင် ကျင်းပ

သရက် စက်တင်ဘာ ၂၄

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ရရက် မွန်းလွဲ ၁နာရီက သရက်မြို့ အထက(၁) စိန်ရတုခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သရက်မြို့နယ် ပညာရေးမှူးဒေါ်လှလှမြင့်က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဟောပြောပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြိုင်က ရည်မှန်းချက်ရှိရမယ်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးအောင်ကျော်စိုးက စာကောင်း-ပေကောင်းဖတ်ရှုရေး ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြိုင်က အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းထံ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။**(ယာပုံ)**

ကြည့်ရှုအားပေး

ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူများက နံရံကပ်စာစောင်၊ စာအုပ်နှင့် ဓာတ်ပုံပြခန်းများကို ကြည့်ရှုအားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ

လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပုပ္ပားမြို့မှ နှစ်မိုင်ခန့်အကွာ ငါးရန့်ကုန်းရွာအနီးရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးအား စက်ရုံမှူး ဦးကြည်ထွန်းက တစ်နေ့လျှင်တန် ၅၀၀ကျ သဘာဝပိုဇိုလန်စက်ရုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် Performance Test နှစ်ကြိမ် စမ်းသပ်မောင်းနှင် ပြီးစီးမှုအခြေအနေ Blaine Test စမ်းသပ်ထားရှိမှုနှင့် တစ်နာရီကုန်ချောထွက်ရှိမှု Ton/hr တိုင်းတာထားရှိမှုအခြေအနေ၊ ကုန်ကြမ်းရရှိမှု၊ သိုလှောင်စုဆောင်းထားရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ရုံမှူးနှင့်ဝန်ထမ်းများအား စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို အသေးစိတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ရုံဟောင်းတွင် ပိုဇိုလန်ဖုန်မှုန့်များထွက်ရှိမှု ပပျောက်သွားစေရန် Dust Collector တပ်ဆင်ပြီး စက်မောင်းနှင်ချိန် တွေ့ရှိရမှုအခြေအနေကို လည်းကောင်း၊ စက်ရုံသစ်အတွင်းသို့ရောက်ရှိပြီးနောက် Ball Mill များလည်ပတ်မောင်းနှင်နေမှုအခြေအနေနှင့် စက်များတပ်ဆင်ပြီးစီးမှုအခြေအနေ၊ Air Compr- essor ခန်းရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေနှင့် Sub Sta- tion ခန်းရှိ စက်ပစ္စည်းများထားရှိမှု အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တန် ၅၀၀၀ဆံ့ ကုန်ချော သိုလှောင်ရုံခန်း၌ ကုန်ချောများကို တစ်တန်ဆံ့နှင့် ၅၀ကီလိုဂရမ်ဆံ့ ထုပ်ပိုးခွံများဖြင့် စနစ်တကျ ထုပ်ပိုးနေမှုနှင့် သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်ရုံမှူးနှင့် တာဝန်ရှိသူများအား အရည်အသွေးများ စစ်ဆေးကြပ်မတ်ရေး၊ အလေအလွင့်နည်းပါးရေး၊ စက်ရုံဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် မိုးစပါးအောင်မြင်ဖြစ်ထွန်းမှု

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ရက် နံနက်၁၀နာရီက ပျော်ဘွယ်မြို့နယ်၌ မိုးစပါးစိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီးစပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ကန်သာကျေးရွာတစ်ဝိုက်၌ စပါးခင်းများတွင် တောင်သူလယ်သမားများ စုပေါင်း၍ နွားချေးနှင့် ပုလဲစာတ်မြေဩဇာ ရောနှောကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ပျော်ဘွယ်မြို့နယ် အရှေ့ဘက်ခြောက်မိုင်အကွာရှိ ကျောက်ဆည်ကန်သို့ သွားရောက်၍ ကန်ပေါင်ခိုင်ခံ့အောင် အားဖြည့်မှုလုပ်ငန်းနှင့် ကျောက်ဖြည့်ထားမှုလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ရေသိုလှောင်ရရှိမှု၊ ကျောက်စီရေတံခါးများမှ စပါးစိုက်ခင်းများသို့ ရေပေးမှုနှင့် မိုးစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ဆည်ကန်သည် စမုံချောင်းရေကို မြေသားကန်ဖြင့် ရေလှောင်ပမာဏ ရေဧကပေ ၆၂၅၀သိုလှောင်နိုင်ပြီး အလျားပေ ၁၄၅၀၀၊ အမြင့်ပေ ၂၀ရှိသည်။ ယင်းကန်၌ ကျောက်စီအဆောက်အအုံ ရေတံခါးသုံးခု၊ ရေပိုလွှဲတစ်ခုပါရှိပြီး ရေပေးနိုင်သည့် ဧကမှာ ၄၀၀၀ကျော်ဖြစ်ကာ ယခုအခါ ကန်ရေဖြင့် မိုးစပါးများ စိုက်ပျိုးထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းမှာကြား

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကျောက်ဆည် ကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ယခုပြုပြင်ပြီးသည့် ကျောက်ဆည်ကန်မှ စိုက်ပျိုးရေပေးဝေနိုင်ပြီဖြစ်၍ သီးနှံအလိုက် ပိုမိုစိုက်ပျိုး ထုတ်လုပ်ရေးအတွက် ရှင်းလင်းမှာကြားသည်။

ထို့နောက် တောင်သူလယ်သမားများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စများ တင်ပြဆွေးနွေးကြရာ အထွေထွေအတွင်းရေးမှူးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက်

ငါးဖမ်းကိရိယာများ ဒုတိယအကြိမ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် စက်တင်ဘာ ၂၁ရက် ညနေပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပြန်လည်ထူထောင်ရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ပေးအပ်သည့် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းကိရိယာများကို ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဒေသတာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက လက်ခံသည်။**(ယာပုံ)**

ပေးအပ်ချီးမြှင့်

ကွမ်းခြံကုန်းမြို့နယ် ရေလုပ်သားများအတွက် ရေလုပ်ငန်းပြန်လည်ထူထောင်ရေးပစ္စည်းများကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပေးအပ်ခဲ့ပြီးဖြစ်ရာ စုစုပေါင်း ငါးဖမ်းလှေအစင်း ၃၄၀၊ အင်ဂျင်စက်နှင့် အထိုင်၃၃၇စုံ၊ ငါးဖမ်းပိုက်မျိုးစုံ ၇၈၂ခုနှင့် နစ်မြုပ်၊ ပျက်စီးရေယာဉ်များ၊ ငါးမွေးမြူရေးကန်များအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ပံ့ပိုးပေးခြင်းတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သဖြင့် ကွမ်းခြံကုန်းဒေသတွင် ရေလုပ်ငန်းကဏ္ဍ စွမ်းအားပြည့် လုပ်ကိုင်နေကြပြီဖြစ်သည်။

တက်ရောက်

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့ နံနက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည့် သား၊ ငါးကဏ္ဍ ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တင်ပြ

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်တို့က အသားကဏ္ဍနှင့် ငါးကဏ္ဍ ရည်မှန်းချက်နှင့် ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံငါးမွေးမြူရေးအသင်း၊ မြန်မာနိုင်ငံပုစွန်မွေးမြူရေးအသင်းနှင့် ရေချိုငါးမွေးမြူ ထုတ်လုပ်သူများအသင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ပင်လယ်ကမ်းဝေး စက်လှေပိုင်ရှင်များအသင်း၊ တိရစ္ဆာန်မွေးမြူရေးအစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ ငါးရှဉ့်၊ ကဏန်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ တာဝန်ရှိသူများက သား၊ ငါးကဏ္ဍ ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်

(မြို့ပြ)အင်ဂျင်နီယာ

ကျောင်းသားကျောင်းသူဟောင်းများ

အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၄

၁၉၇၉-၈၀စာသင်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (မြို့ပြ)အင်ဂျင်နီယာ ဘာသာရပ်ကို အတူတကွ စတင်တက်ရောက်ခဲ့ကြပြီး ၁၉၈၂-၈၃ စာသင်နှစ်အထိ အတူတကွ ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို လာမည့်ဒီဇင်ဘာ ၂၇ရက် (စနေနေ့)တွင် ကျင်းပရန်စီစဉ်ထားသည်။ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးသိန်းဝင်း(ဒိုက်ဦး) ဖုန်း-၀၉-၅၁-၀၉၅၀၇၊ ဦးနေဝင်း(မုံရွာ) ဖုန်း-၀၉-၅၁-၀၁၇၇၁၊ ဒေါ်ခင်ဥမ္မာမြင့် ဖုန်း-၀၉-၅၁-၁၂၁၀၁၊၀၁-၅၄၁၁၂၇၊ ဒေါ်မူမူမြင့် ဖုန်း-၀၉-၅၁-၅၂၈၉၂၊၀၁-၅၇၈၁၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမက(၆)အင်းစိန်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲတွင် သုံးနှစ် ဆက်တိုက် ပထမဆုရရှိသူ တ တိ ယ တန်း မှ မောင်ဂါယုမျိုးထိုက်လယ် မယ် အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ရသီဝွန် စက်တင်ဘာ၂၂ရက်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကချင်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် စက်တင်ဘာ ၁၇ရက်က မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား ရှင်းလင်းဆောင်၌ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းလုပ်ငန်းများ အပိုင်းလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်အဖွဲ့နှင့် လမ်းတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများအား လုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗလမင်းထင်တံတားကြီး ကြံ့ခိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ရက်တွင် မြစ်ကြီးနား-ဗန်းမော်လမ်းပေါ်ရှိ တာပိန်မြစ်ကူးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ဗန်းမော်-ရွှေကူလမ်းပေါ်ရှိ မံရွတ်တံတားကြံ့ခိုင်မှု ဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ရက်တွင် မန္တလေး-မတ္တရာ-သပိတ်ကျင်းလမ်းပေါ်ရှိ ကျောက်အိုးတံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် အသစ်တည်ဆောက်မည့် လျှာထားတံတားအကြောင်း အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လက်ပံလှတံတား စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဝန်ကြီးကတာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပန်းချီပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် ပန်းချီအနုပညာပွဲတော်တွင် လျှပ်တစ်ပြက် ပုံတူပန်းချီပြိုင်ပွဲ(Quick Sketch)နှင့် outdoor ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ Quick Sketch ပြိုင်ပွဲတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အသက်၁၀၇နှစ်ရှိ ဘွားသက်ရှည်၏ပုံတူကို A4 အရွယ်စက္ကူပေါ်တွင် နှစ်သက်ရာ မင်၊ ခဲ၊ ဆေးဖြင့် ရေးဆွဲကြရမည်ဖြစ်ပြီး outdoor ပြိုင်ပွဲ၌ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ရှုခင်းများ(ဥပမာ-မုခ်ဦး၊ ဘိုးဘွားရိပ်သာ၊ စေတီတော်၊ စိန်ရတုခန်းမဆောင်နှင့် အခြားနှင်းဆီကုန်းဘိုးဘွားရိပ်သာအတွင်းရှိ မြင်ကွင်းများ)ကို တစ်ပေခွဲ x နှစ်ပေအရွယ် ကင်းဘတ်ပေါ်တွင် နှစ်သက်ရာဆေးဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ outdoor အတွက် အချိန်ကန့်သတ်ထားမည်မဟုတ်ဘဲ ထိုနေ့ တစ်ရက်နှင့်အပြီး စိတ်ကြိုက်ရေးဆွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဆုများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့က ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရပုံများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ collection အဖြစ် ထားရှိမည်ဖြစ်သည်။ အကဲဖြတ်အဖွဲ့ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပန်းချီပညာရှင်များနှင့် ဖွဲ့စည်းရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကလောစည်ပင် မြောင်းအလှ ပြုပြင်

ကလော စက်တင်ဘာ ၂၄

ကလောမြို့တွင်း ပြည်ထောင်စု လမ်းဘေးဝဲယာတစ်လျှောက် မြောင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုတို့ ဩဂုတ် ၈ရက်က သွားရောက်စစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာတွင် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖခင်အမည်မှန်

နေပြည်တော်ပျဉ်းမနား အလက (၁) အဋ္ဌမတန်း(A)မှ မောင်ရောစ၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ဖြစ်ပါကြောင်း။ **ဦးကျော်လင်း**
၉/ပမန(နိုင်)၀၂၁၈၀၇။



လက်တွေ့အသုံးချ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်း
Applied Rice Business Development Course
သင်တန်းသားခေါ်ယူခြင်း

ဆန်စပါးစိုက်ပျိုးထုတ်လုပ် ကြိတ်ခွဲရောင်းဝယ်ရေး လုပ်ငန်းအဆင့်ဆင့်တွင် စီမံခန့်ခွဲမှုအပိုင်းမှ ပါဝင်ဆောင်ရွက်နေကြသူတိုင်းအတွက် နိုင်ငံတကာအဆင့်မီ လုပ်ကိုင်ဆောင်ရွက်နိုင်ကြရန်နှင့် ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အသုံးချ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း Applied Rice Business Development Course အမှတ်စဉ်(၁/၂၀၀၈)ကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ ကမ်းနားလမ်းတွင်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းသို့ လက်တွေ့လုပ်ငန်းခွင်၌ စီမံခန့်ခွဲလုပ်ဆောင်နေကြသည့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပြီး အောက်ပါဖုန်းနံပါတ်/ဖက်စ်နံပါတ်များသို့ ၂၀၀၈ခုနှစ် စက်တင်ဘာ၂၉ရက် နောက်ဆုံးဆက်သွယ်၍ အမည်စာရင်း ပေးပို့နိုင်ပါသည်။ ဆန်စပါးလုပ်ငန်းနယ်ပယ်၌ လက်ရှိလုပ်ကိုင်နေခြင်း မရှိသော်လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အစီအစဉ်ရှိသူများရှိက သီးခြားလက်ခံ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

(က) နေပြည်တော်-ဖုန်း ၀၆၇-၄၀၈၂၄၆၊ ၀၆၇-၄၀၈၂၅၆၊ ဖက်စ်- ၀၆၇-၄၀၈၂၄၇။
(ခ) ရန်ကုန်-ဖုန်း ၀၁-၂၅၀၂၇၀၊ ၀၁-၂၅၁၈၂၄၊ ၀၁-၂၅၄၀၂၄၊ ဖက်စ်-၀၁-၂၅၁၀၂၈။

ကျိုက္ခမီမြို့ သမိုင်းဝင် ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

နှစ်စဉ် ကျင်းပမြဲဖြစ်သော ကျိုက္ခမီမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃-၁၀-၂၀၀၈ ရက်မှ ၁၉-၁၀-၂၀၀၈ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာဖြင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ လက်ဝှေ့ပွဲ၊ ဘောလုံးပွဲတို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်းနှင့် သတင်းကျွတ်လပြည့်နေ့ ည၇နာရီအချိန် ဆဋ္ဌမအကြိမ် ဆီမီးကိုးထောင်ထွန်းညှိပူဇော်မည်ဖြစ်သည်။ ပွဲတော်ရက်တွင် ဆိုင်ခန်းများကို ၇-၁၀-၂၀၀၈ရက်တွင် ရောင်းချပေးမည်ဖြစ်ပါကြောင်း။

ကျိုက္ခမီဘုရားပွဲတော် ကျင်းပရေးကော်မတီ
ဖုန်း-၀၅၇-၇၅၀၀၁၊ ၇၅၂၄၃။

ရွှေကူမြို့၌ သရဖီလမ်း ကျောက်ခင်း

ရွှေကူ စက်တင်ဘာ ၂၄

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီသည် စက်တင်ဘာ၉ရက်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော သရဖီလမ်း ကျောက်ခင်းခြင်းလုပ်ငန်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းစိုးက ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)





အရှေ့တိုင်းပညာဌာန မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၄

အရှေ့တိုင်းပညာဌာန၏ ၂၀၀၈ခုနှစ် ကျောင်းသူကျောင်းသားများက (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန စာကြည့်ခန်းမ၌ အောက်တိုဘာ၁၂ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။ အရှေ့တိုင်းပညာဌာနဆိုင်ရာ၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသူ ကျောင်းသားဟောင်းများ အနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာနွဲ့နွဲ့ရီ (ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန ဖုန်း-၀၁-၅၃၆၂၈၈)၊ ဒေါက်တာ ခင်မြင့်မြင့် (ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန ဖုန်း-၀၉-၅၀-၀၁၁၃၉)၊ ဒေါက်တာ ကြူကြူလှ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဖုန်း-၀၉-၅၁-၆၆၉၃၅)၊ ဒေါက်တာဒေါ်မိမိအောင် (ဒဂုံတက္ကသိုလ် ဖုန်း-၀၉-၅၀-၅၁၉၆၆)၊ ဒေါ်တင်စန်းအေး (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာသီဂီချို (ရန်ကုန်အဝေးသင်တက္ကသိုလ် ဖုန်း-၀၁-၅၂၅၁၄၀)၊ ဒေါက်တာစန်းစန်းဝင်း (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဖုန်း-၀၁-၅၁၃၅၄၂) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသားကျောင်းသူဟောင်းများ တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ (၁၉၆၆-၁၉၉၆)၏ တတိယအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့် ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကန်တော့ခံ သက်ကြီးဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၆၆-၁၉၉၆) ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၀၁-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)(၁၉၇၀) ဖုန်း-၀၉-၅၁-၅၈၅၁၂၊ ဒေါ်သန်းသန်းညွန့် (၁၉၇၂) ဖုန်း-၀၁-၇၂၁၃၂၉၊ ဦးကျော်(၁၉၇၃)ဖုန်း-၀၁-၅၇၇၉၄၉၊ ဦးထွန်းဝင်း (၁၉၇၃)ဖုန်း-၀၉-၅၁-၂၉၀၅၂၊ ဦးသိန်းထွန်း(၁၉၇၄) ဖုန်း-၀၉-၉၉-၇၁၈၃၄၊ ဦးမြင့်လွင်ခိုင်(၁၉၇၅) ဖုန်း-၀၉-၅၀-၄၆၈၉၉၊ ဦးစောဝင်း (၁၉၇၆)ဖုန်း-၀၉-၅၁-၃၉၄၀၉၊ ဦးစတန်လီကိုကိုကြီး(၁၉၇၆)ဖုန်း-၀၁-၅၅၉၆၀၃၊ ဦးသိန်းဝင်း(၁၉၇၆)ဖုန်း-၀၁-၅၀၄၁၁၇၊ ဒေါ်ဖြူဖြူ(၂)(၁၉၇၆) ဖုန်း-၀၁-၂၄၃၇၄၅၊ ဦးဆန်းလွင်ဦး(၁၉၇၇) ဖုန်း-၀၁-၂၉၆၇၃၂၊ ဦးကျော်မင်းစိုး (၁၉၇၈) ဖုန်း-၀၉-၅၁-၇၁၀၃၄၊ ဦးမောရစ် (၁၉၇၈) ဖုန်း-၀၁-၂၁၁၀၇၄၊ ဒေါ်ကေသီခိုင်(၁၉၇၈)ဖုန်း-၀၁-၂၉၄၃၆၄၊ ဦးဝင်းရှိန်-ဒေါ်စိုး(၁၉၇၉) ဖုန်း-၀၁-၅၁၁၁၀၇၊ ဦးကျော်ဦးမြင့် (၁၉၇၉)ဖုန်း-၀၁-၅၃၅၈၉၃၊ ဒေါ်မူမူခင်(၁၉၇၉)ဖုန်း-၀၁-၅၃၄၁၃၃၊ ဒေါက်တာဒေါ်ပြုံးအေး (၁၉၈၀)ဖုန်း-၀၁-၂၅၄၃၇၈၊ ဒေါ်စန်းစန်းအေး(၁၉၈၂)ဖုန်း-၀၉-၅၁-၅၄၆၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ကလေး စက်တင်ဘာ ၂၄

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးပတ်လည်ရေမြောင်းနှင့် ဈေးအတွင်းရေမြောင်းများအမှိုက်များမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရှင်းလင်းခြင်းနှင့် ခြင်၊ယင်များမရှိစေရေးအတွက် ဈေးအတွင်းခြင်ဆေးဖျန်းခြင်းတို့ကို စက်တင်ဘာ၇ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးဇော်ဇော်ထွန်း ဦးဆောင်သော ဈေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဈေးသန့်ရှင်းရေး စုပေါင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းက ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးတွင်းပျိုးဥယျာဉ်၌ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ထားရှိမှုကို ဩဂုတ် ၂၈ရက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က လိုက်လံရှင်းလင်း တင်ပြစဉ်။ (၀၀၁)

ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ခန္တီးမြို့အထက်တန်းကျောင်း၌ ကျင်းပ

ခန္တီး စက်တင်ဘာ ၁၆

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၉ရက် မွန်းလွဲ ၂နာရီက ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးအောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်းက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အကြောင်း သိကောင်းစရာများ ဟောပြောသည်။

ဆက်လက်ပြီး မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးအုန်းလွင်က ရှေးဦးပြုစုခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးပြုစုခြင်း စွမ်းရည်သရုပ်ပြသသည်။ (ခရိုင် ပြန်/ဆက်)

ကန့်ဘလူမြို့ မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်ရေး စီမံချက်အရ ဂါလန် ၆၀၀၀ ဆံ့ ရေစင်နှင့်ရေစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ဆားလင်းကြီး၌ အာဟာရအချက်အပြုတ်ပြိုင် ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်

ဆားလင်းကြီး စက်တင်ဘာ ၂၀

ဆားလင်းကြီးမြို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရသရုပ်ပြ အချက်အပြုတ်ပြိုင်ပွဲကို စက်တင်ဘာ ၁၃ရက်နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က အာဟာရအကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက အာဟာရသရုပ်ပြ အချက်အပြုတ်ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများမှ အာဟာရသရုပ်ပြ အချက်အပြုတ်ပြိုင်ပွဲကို ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဒိုင်များက အာဟာရ အချက်အပြုတ် ယှဉ်ပြိုင်ပွဲကို စစ်ဆေးအကဲဖြတ်ပြီး ဆုရရှိသောအဖွဲ့အား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက ဆုများချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ထို ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်သူများဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်

ကျိုက်ထို စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၈နှင့် ထူးချွန်သူများ ဂုဏ်ပြုပွဲကို စက်တင်ဘာ ၉ရက် နံနက် ၁၀နာရီက မြို့နယ်ရုံးအသင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ခင်အောင်က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူငါးဦးနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက် လုပ်အားပေးဆောင်ရွက်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးစိုးနိုင်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးစိန်မြင့် ပြည်နယ်အရန်အလုပ်အမှုဆောင်က ငွေကျပ် ၁၂၅၀၀၀၊ ဦးဝိတင်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးခင်တိုးမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးဇော်မင်းဦး (ကုန်တင်ကုန်ချ) ကင်မွန်းချောင်းမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကျိုက်ထီးရိုး(ရင်ပြင်တော်ဓာတ်ပုံ)မိသားစုက ငွေကျပ် ၅၀၀၀၀နှင့် ဦးမောင်နိုင်(ရင်ပြင်တော်)မိသားစုက ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြီးတို့ မြကန်သာ အမှတ်(၆) လမ်းထိပ် အုတ်ခုံ ခံသစ်သားတံတား တည်ဆောက်ပြီးစီးမှုကို စက်တင်ဘာ ၉ရက်က ကြည့်ရှုရာ လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဝင်းခိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ပြင်ဦးလွင် စက်တင်ဘာ ၁၂

ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ်၂၉ရက်က ပြင်ဦးလွင်အားကစားကွင်း၌ ရပ်ကွက်ကြီး(၁)ဘောလုံးအသင်းနှင့်ရပ်ကွက်ကြီး(၂) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရပ်ကွက်ကြီး(၁) ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က ဘောလုံးကြီးကြပ်ဒိုင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေနှင့်မှတ်တမ်းလွှာများပေးအပ်ပြီး အနိုင်ရဗိုလ်စွဲသွားသော ရပ်ကွက်ကြီး(၁)ဘောလုံးအသင်းအတွက် ရပ်ကွက်ကြီး(၁)ဥက္ကဋ္ဌ ဦးထင်လင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ (၀၈၈)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ဖျာပုံမြို့ အမှတ်၉လမ်း ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်းကြပ်မတ်အောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆင်ပေါင်ဝဲမြို့၌ စာအုပ်ပြပွဲကျင်းပ

ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၄

ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက ကျောင်းတို့ပူးပေါင်း၍ စာအုပ်ပြပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၉ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သား ကြည့်ရှုကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)



တာချီလိတ်မြို့၌ ကတ္တရာလမ်းခင်း

တာချီလိတ် စက်တင်ဘာ ၁၅

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သောပုန်းထွန်ရပ်ကွက် လွယ်တော်ခမ်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန်၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင် ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဆိပ်ဖြူမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းပွဲ သုံးသပ်ဆွေးနွေး

ဆိပ်ဖြူ စက်တင်ဘာ ၂၂

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို စက်တင်ဘာ၈ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး၌ကျင်းပရာ ဆရာချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သောစာအုပ်မှ မူပိုင်ခွင့် ဗဟုသုတဆောင်းပါးနှင့် အကကောင်းရခြင်း ဆောင်းပါးကို ရုပ်သံ-၃ ဒေါ်အေးအေးခိုင်နှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးမောင်မောင်အေးတို့က လည်းကောင်း၊ ဒေါက်တာတင်ထွန်းဦး၏ စာအုပ်၊ စာနယ်ဇင်း၊ စာကြည့်တိုက်နှင့် မြန်မာစာပေစာအုပ်မှ ပြည်သူ့အကျိုးပြုစာအုပ်ဆိုသည်မှာနှင့် ပြည်သူ့အကျိုးပြုစာအုပ်များ ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်အေးအေးစိုးနှင့် လုပ်သားရုပ်သံ ဦးသိန်းနွယ်တို့က ဖတ်ကြားတင်ပြရာ ဝန်ထမ်းများက ပြန်လည်ဆွေးနွေးကြပြီး ခေတ္တဦးစီးမှူး ဒေါ်နန္ဒာလှိုင်က သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လှည်းကူးမြို့ မြို့မဈေးကြီးအတွင်းရှိ သားငါးဆိုင်များတွင် ယင်လုံဆန်ခါ အသုံးပြု၍ ရောင်းချရန် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ဩဂုတ်၄ရက်က ဒုတိယဦးစီးမှူး (အခွန်)ဒေါ်တင်တင်ကြိုင်နှင့် ကျန်းမာရေးမှူး ဦးသိန်းဝင်းတို့ ကွင်းဆင်းကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်းမ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး၏ ကြီးကြပ်မှုဖြင့် စိမ်းလန်းစိုပြည်ရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၉ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းကိုကိုဝင်း ကြီးကြပ်မှုဖြင့် ပန်းဥယျာဉ်ဝန်ထမ်းများသည် ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်းများနှင့် လမ်းဝဲယာ စိမ်းလန်းနယ်မြေအတွင်း စိုက်ပျိုးထားသော ရာသီပန်းများ ပွင့်ဖူးနေစေရန်အတွက် မြေယာပြုပြင်ခြင်း၊ ပန်းမျိုးတူများ စုစည်းစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။(အပေါ်ပုံ) (မြို့နယ်စည်ပင်)

စက်တင်ဘာ ၁၆ရက်က ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပန်းအလှခြင်းနှင့် ပန်းအလှသစ်ပင်ပြုလုပ်နည်း သင်တန်းဆင်းပွဲကို မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်ထံ သင်တန်းသူများက အမှတ်တရ ပန်းအလှသစ်ပင် ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အခြေခံအိမ်တွင်းမှု သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်း ပူတာအို၌ဖွင့်

ပူတာအို စက်တင်ဘာ ၁၂

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၁)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၁၀)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅)နှင့် လက်မှုလုပ်ငန်း (ကြိမ်၊ ဝါး)သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြအေးက အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၃၀တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော (မြို့ပြရေပေးရေး) လုပ်ငန်းမှရွှေကျောင်းရပ်ကွက် လေးလက်မစက်ရေတွင်း တွင်းဆေးသန့်စင်၊ ရေမှုတ်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဝင်းအေးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ပခုက္ကူ စက်တင်ဘာ ၂၂

ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်က ငါးမျိုးအိတ်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ပြီး ရောဝတီမြစ်အတွင်းသို့ ငါးမှုန် သိန်း ၆၀၊ ငါးသန် ၂ဒသမ၅သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ (၀၇၀)

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် အောင်ဇေယျလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၁၁ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းမြို့ အမှတ်(၂)အထက ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ဖလမ်း စက်တင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ၃ရက်က အထက(၂)ဖလမ်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးဇော်ဝင်းက ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေး အတွက် ပြောကြားပြီး ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပကြောင်းသိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပေးရေးကောင်းမွန်စေရေးအတွက် ရေပိုက်လိုင်း လဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ရက်က အမှုဆောင် အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၇၅)

နွားထိုးကြီးမြို့နယ်၌ မိုးစပါးနှင့်ကြက်ဆူပင် အထွက်တိုးရေးပညာပေး

နွားထိုးကြီး စက်တင်ဘာ ၁၈

မြင်းခြံခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သန်းနွဲ့သည် စက်တင်ဘာ ၄ရက်က နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဖိုးစိန်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်အတူ နွားထိုးကြီးမြို့နယ် ကန်နား၊ ကန်ရေသောက်နှင့် ပြင်စည်ဆည်ရေသောက် တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးနှင့် ကြက်ဆူပင်တစ်ဧက အထွက်တိုးရေး ပညာပေးဟောပြောကြသည်။ (၀၉၂)

လေဘေးသင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း အတွင်းရှိ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များရှိ စာအုပ်၊ စာစောင်များ ပျက်စီးသွားသဖြင့် ပြန်လည် ဖြည့်တင်း နိုင်ရန် စက်တင်ဘာ ၁၃ရက်က သံတွဲ ခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနသို့ သံတွဲမြို့နယ် ပြည် တွင်းရောင်း၊စက်ဌာန မြန်မာ့သစ်လုပ်ငန်း မန်နေဂျာ ဦးစံလင်းက သုတရသ မဂ္ဂဇင်းစာအုပ် ၁၀၀ကို လာရောက်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးညီအုန်းက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကောလင်း၌ ကျင်းပ

ကောလင်း ဩဂုတ် ၂၃

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ ကြက်တောင် ကော်မတီ၏ အစီအစဉ်ဖြင့် ကန့်ဘလူမြို့နယ် ကြက်တောင်အဖွဲ့နှင့် ကောလင်းမြို့နယ် ကြက်တောင်အဖွဲ့ ဖိတ်ခေါ်ပြိုင်ပွဲကို မြို့နယ် အားကစားရုံ၌ ဩဂုတ်၂၃ရက်က ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင် ကစားကြရာ ကန့်ဘလူမြို့နယ် ကြက်တောင်အဖွဲ့က ကောလင်းမြို့နယ် အား အနိုင်ရရှိသွားသည်။ (၀၃၂)

စာဖတ်ခြင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကျိုးကျေးဇူး မြစ်ကြီးနား၌ ဟောပြော

မြစ်ကြီးနား စက်တင်ဘာ ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ခြင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူး ဟောပြောပွဲနှင့် စာအုပ်စာစောင်၊ ရေဒီယိုများလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နောင်နန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဒိုင်လွမ်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြန်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်စိုးစိုးထွန်းက စာဖတ်ခြင်းနှင့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် နောင်နန်းကျေးရွာအုပ်စု အတွင်းရှိ ဂေါ့နန်၊ မော်တောင်း၊ လမြန်၊ နောင်နန်း၊ လဘန်ရှိဆနာ၊ ဆယ်မိုင်၊ ရှစ်မိုင်၊ ယိန်းခေါနှင့် ကဝါးခကျေးရွာစာကြည့်တိုက် များအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စည်းရုံးမှုဖြင့် စေတနာရှင်များက လှူဒါန်းသော ရေဒီယိုကိုးလုံးနှင့် သုတ၊ ရသစာအုပ် ၆၀၀ကို မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများက လက်ခံယူကြသည်။

ဖွံ့ဖြိုးရေး

ဆက်လက်၍ ကျေးရွာကိုးရွာရှိ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးအတွက် ဆွေးနွေးကြရာ နောင်နန်းကျေးရွာအုပ်စု စာကြည့်တိုက်မှူး ဒေါ်ဘောက်ဂျာက စာကြည့်တိုက်များ ဖွင့်လှစ် ထားရှိမှုအခြေအနေ၊ ကဝါးခ ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနော်ဒင်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ ဆွေးနွေးကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စဉ့်ကူးမြို့၌ ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး လေ့ကျင့်ဆောင်ရွက်

စဉ့်ကူး စက်တင်ဘာ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်သည် ပြင်ဦးလွင်ခရိုင်ရုံးအောက်ရှိ မတ္တရာ၊စဉ့်ကူး၊ သပိတ်ကျင်း၊ တကောင်းနှင့် မိုးကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများနှင့် ရုံးဝန်ထမ်းများအား စက်တင်ဘာ ၈ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ တွေ့ဆုံသည်။

မှာကြား

တွေ့ဆုံရာတွင် လက်ထောက်ညွှန်ကြားရေးမှူးက ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် စာဖတ်ဝိုင်းများပြုလုပ်ရေးနှင့် ရုံးလုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းမှာကြားရာ မြို့နယ်ဦးစီးမှူးများက ရှင်သန်စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဝန်ထမ်းများအရည်အသွေးမြင့်မားရေး လေ့ကျင့်ဆောင်ရွက်မှုများနှင့် ရုံးလုပ်ငန်းကိစ္စရပ်များဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးသည် တရော်ပင်ကျေးရွာသို့သွားရောက်ကာ အလှူရှင်မိုးဇင်ကြယ်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော ပညာပျိုးခင်း စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ်အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၁၅ရက်က ဒုတိယတန်းမှ မယွန်းပိုးအိမ်၏ ခုနစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးစဉ်။ (ပညာရေး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ငါန်းဇွန်မြို့နယ်တရားရုံးတော်၌
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးစိုး ဒေါ်နန်းစံ — နှင့် — ဦးကျော်တင့်

တရားလိုများ — **တရားပြိုင်**

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အမှတ်(၄)နယ်မြေ၊ မြဝတီရပ်နေ ဦးကျော်တင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုများက ဆေးရွက်ကြီးကို ကျန်ငွေ သိန်း၃၀ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၁ရက် သောကြာနေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီရက်တွင် တင်သွင်းရမည်။

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျော်လင်း
မြို့နယ်တရားသူကြီး၊ ငါန်းဇွန်မြို့။

လေလံကြော်ငြာ
၁။ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အသုံးမလို ပိုလျှံလျက်ရှိသည့် လ/၃၁၄(ဒေဝူးဘတ်စ်)နှင့် ထ/၆၂၁၇ (နီဆန်းဗင်နတီ) ယာဉ်နှစ်စီးအား မျက်မြင်အခြေအနေအတိုင်း ၆-၁၀-၂၀၀၈ ရက် နံနက် ၁၀း၀၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဘဏ္ဍာရေးဌာနစု အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ၂၂-၉-၂၀၀၈ ရက်မှ ၃-၁၀-၂၀၀၈ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၃၇၀၆၀၆၊ ၃၇၀၉၃၁-၂၀၈၊ ၃၇၀၉၃၁-၂၁၀ ထံ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မြန်မာ့ထီးစက်ရုံတွင် အသုံးပြုရန်လိုအပ်သော မခေါက်ထီးသုံးဆစ် ပွန်ဂျီအနက် ထီးရွက် ၁၀၀၀၀နှင့် ထီးကိုင်း ၁၀၀၀၀စုံဝယ်ယူရန် အမေရိကန်ဒေါ်လာ (CIF) စနစ်ဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၃-၁၀-၂၀၀၈ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၃၄၀နှင့် ၀၁-၅၃၀၄၄၁၊ ၅၃၀၄၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မြင်းခြံမြို့။ — နှင့် — ၁။ ဒေါ်လှလှ ၂။ ဒေါ်ခင်မာ ၃။ ဒေါ်မြင့်မြင့်ရီ ၄။ ဒေါ်မြသန်း

တရားနိုင် — **တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၄၉၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ အကွက်အမှတ်(၂၉) မြင်းခြံရပ်၊ ဦးပိုင်အမှတ်(၃၇/ခ)၊ဧရိယာ၀ဒသမ၀၇၁ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၉×၃၈×၂၁)ပေရှိ နှစ်ထပ် ပတ်ကားတိုက်တွင်တွဲလျက် ၄ ဒသမ ၆ပေအုတ်ကာ၊ (၂၉×၁၄×၁၀)ပေရှိ မီးဖို၊ (၅×၇×၃)ပေရှိ ရေကန်၊ (၂၃×၁၈×၁၆)ပေရှိ နှစ်ထပ်လုပ်ငန်းသုံး အဆောက်အအုံ။

ကြမ်းခင်းဈေးကျပ်သိန်း ၁၉၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မလေးညို (တ/၁၆၁၄)
ခရိုင်တရားသူကြီး၊
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ဟောင်းနွမ်းချို့ယွင်းနေသော ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ဒိုက်ဦးမြို့နယ်(၇)ရပ်ကွက်ရှိ မြဲစေ့(ဒပ-၁၉)နှင့် (ဒပ-၂၀)။ ပဲခူးမြို့နယ်၊ ကမာနတ်ဒေသရှိ ယာဒေါက်(၁၁၃/၂)နှင့်(၁၃၃/၃)စုစုပေါင်း သိုလှောင်ရုံလေးလုံးအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

(က) တင်ဒါရောင်းချမည့်ရက်	-	၂၉-၉-၂၀၀၈ရက်
အချိန်	-	၉း၃၀နာရီ မှ ၁၆း၃၀နာရီအထိ
(ခ) တင်ဒါပိတ်မည့်ရက်	-	၂-၁၀-၂၀၀၈ရက်
အချိန်	-	၁၅း၀၀နာရီ
(ဂ) တင်ဒါသွင်းရမည့်နေရာ	-	မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တိုင်းမန်နေဂျာရုံး၊ ပဲခူးတိုင်း(အရှေ့)၊ တောင်ငူမြို့။

၂။ အဆိုပါ သိုလှောင်ရုံလေးလုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့်နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၅၄-၂၃၀၃၁နှင့် ၀၅၄-၂၃၀၂၉ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ တိုင်းမန်နေဂျာရုံးတို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် မက/၃၂၁၃၀ (အန်ဘို) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၈/ပမန(နိုင်)၀၈၆၅၄၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ပခုက္ကူ။

SayaWallace B.Sc C.A.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE
2. PRACTICE
OCT / 2008
AIRCON

သင့်ရုံး၊ သင့်အိမ်၊ သင့်ဟိုတယ်အတွက် ပန်းပု ပန်းဆိုဖာ ဆက်တီအသစ်များ ရောင်းမည်။
လက်ရာသန့်
အမှတ်(၂)၊ မိုးကောင်းလမ်း၊ စံကားဝါ အိမ်ရာ၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်း။
ဖုန်း-၅၄၁၀၀၂၊ ၂၄၄၂၁၄၊(လိုင်းခွဲ-၂၀၂)

သားအဖြစ်မှ စွန့်လွှတ်ခြင်း
မောင်ကျော်ဇေယျ ၁၂/ဥကမ(နိုင်)၁၄၇၄၂၄သည် မိဘဆွေမျိုးများ ဆိုဆုံးမသည့်ကြားမှ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူခဲ့ပါသည်။ ထို့ကြောင့် သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်တကွ ပတ်သက်သော သူများအားလည်းကောင်း၊ အခြားကိစ္စအဝဝများအားလည်းကောင်း လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်ခင်ဝင်း
၁၂/ဥကမ(နိုင်)၁၂၀၅၁၈။

ဖခင်အမည်မှန်
သဃ်န်းကျွန်းမြို့နယ် အထက(၄) Grade 11-E မှ မနွယ်နွယ်လှိုင်၏ ဖခင် အမည်မှန်မှာ ဦးစောလွင် ဖြစ်ပါကြောင်း။

ဦးစောလွင်။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်
ရန်ကုန် စက်တင်ဘာ ၂၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

အမည်ပြောင်း
အမည်ပြောင်း အဖဦးကျော်ဇေယျာမင်း၏ သမီး အထက(၄)တာမွေ ဆဌမတန်း(ဂ)မှ မသဲသဲဟန်နီအား ယနေ့မှစ၍ မသူသူမြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။

မသူသူမြတ်နိုး။

ပွန်းချင်း
Centre(1)
Centre(2)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် လရ/၆၀၃၅ Honda 90 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူဦးရွှေသောင် ၁၃/လရန(နိုင်)၀၃၀၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

ဥတုရာသီ တောကိုမှီ၏

မူးယစ်ကင်းစင် အလှဆင်

အမည်ပြောင်း
နေပြည်တော် လယ်ဝေးနေ အဖဦးထွန်းထွန်း၏ သား အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်မင်းခန့်ထွန်းအား မောင်မင်းခန့်သော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခန့်သော်။**

တောင်းဆိုခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း
၂၉-၈-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ပါ ဒေါ်ကေသီ အမှတ်(၂၅/က)၊ မေတ္တာလမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူအား အသိပေး အကြောင်းကြားတောင်းဆိုခြင်းအား နှစ်ဦးသဘောတူ ညှိနှိုင်းပြေလည်၍ အရောင်းအဝယ် ဖျက်သိမ်းပြီးဖြစ်ပါသဖြင့် ယင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

ဦးကောက်
၁၂/လသန(နိုင်)၀၁၁၉၄၁
အမှတ်(၁၄၁)၊ (၂၁)လမ်း၊
(၆)ရပ်ကွက်၊ လသာမြို့နယ်၊
ရန်ကုန်မြို့။

သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၄ရက်က အသင်းရုံး၌ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမျိုးညွန့်က ၂၀၀၇-၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရ ကျိုက္ခမီ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင့်ရီအား ရွှေစင်ဆုချီးမြှင့်စဉ်။

(၀၁၄)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး တွန်းဖံ၌ ဆွေးနွေး
တွန်းဖံ စက်တင်ဘာ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့် တွန်းဖံမြို့နယ် ဦးစီးမှူး ဦးတွာလ်ဆွင်းစန်တို့သည် စက်တင်ဘာ ၅ရက် မွန်းလွဲ၁နာရီက တွန်းဖံမြို့နယ် တုန်းတွောင်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ပြီး ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာစာကြည့်တိုက် ရေရှည်တည်တံ့ရေး သတ်မှတ်စံငါးချက်နှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မြေ၊ အဆောက်အအုံ ရေရှည်အသုံးပြုနိုင်ရေး လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ဝန်ထမ်းများဆောင်ရွက်သော အယ်ပင်အုတ်ရေမြောင်းတံတားကို ဩဂုတ်၁၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ယင်များနှိမ်နင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ညောင်လေးပင်မြို့မဈေးကြီးအတွင်းရှိ စားသောက်ဆိုင်နှင့် သားငါးတန်းများတွင် ယင်များပေါက်ပွားမှု မရှိစေရေးအတွက် ဆေးဖျန်း နှိမ်နင်းခြင်းကို စက်တင်ဘာ ၇ ရက်က ဒုတိယဦးစီးမှူး (ဈေး)နှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၀၅၃)

မိုးကောင်းမြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး
မိုးကောင်း စက်တင်ဘာ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ရက်က အဖွဲ့ဝန်ထမ်းများ ကမ်းနားလမ်းနှင့် ပြည်ထောင်စုလမ်းဆုံ၌ ပန်းအလှပင်များစုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၀၀၁)**

ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက် ၉နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း အချက်ပြမီး တပ်ဆင်ဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်နေမှု၊ Landing Strip ပေ ၅၀၀ ပြည့်ရန် စက်ယန္တရားကြီးများဖြင့် တောင်ကုန်းဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် Landing Strip ပေ ၅၀၀ မပြည့်သည့်အပိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်ပြီးစီး

အဆိုပါ ကျိုင်းတုံလေယာဉ်ကွင်း မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ ၁၂ လက်မထူသည့် ကျောက်ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး ယခုအခါ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ရှိ လေးလက်မအထူ ကတ္တရာကွန်ကရစ်ပြေးလမ်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ ပြည်ငြိမ်းအေးခန်းမ၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်လည်းကောင်း၊ ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒို့ပန်းတိုင် အပျောက်မခံ

- ✳ မူဝါဒလမ်းစဉ် (၇)ရပ်
  ချမှတ်လို့ အကောင်အထည်ဖော်။
- ✳ ဒို့တိုင်းပြည် ဒို့လူမျိုး
  ကောင်းကျိုးကိုမျှော်။
- ✳ ဥပဒေအခြေခံ
  ပြည်သူ့ Mandate အမှန်ပေမို့
  သွေးဖည်ရန် အတွေးမချော်
  လက်တွဲခေါ် ကမ်းလင့်ထား။
- ✳ မလိုသူ ငမိုက်သားတွေက
  ပျက်ပြားအောင် ဘယ်လိုနှောက်စေတော့
  ဒို့ပန်းတိုင် အပျောက်မခံပါဘု
  မဖောက်ပြန် တစ်ယောက်မချန်စတမ်း
  လှမ်းစို့ဒို့များ။ ။

ကိုတိုး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဦးနှောက်သည် သကြားကို အများဆုံးအသုံးပြုသည့် အင်္ဂါအစိတ်အပိုင်းဖြစ်ရာ ဉာဏ်ရည်အမြင့်ဆုံးသတ္တဝါဖြစ်သည့် လူသတ္တဝါအတွက် သကြားဓာတ် အများဆုံးပါဝင်သော မိခင်နို့သည် အကောင်းဆုံးဖြစ်ပါသည်။

ဒေါက်တာအေးအေးသော်၏ ဆောင်းပါး စာ - ၁၀

ခရမ်းမြို့နယ် ကျီးနီချောင်ကျေးရွာ၌ တိုက်နယ်ဆေးရုံဖွင့်
ခရမ်းနှင့် ကဝမြို့နယ်မှ ကျေးရွာ ၁၇ ရွာ ပြည်သူသုံးသောင်းကျော် အခမဲ့ဆေးဝါးကုသမှု ခံယူနိုင်တော့မည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ခရမ်းစိုးမြင့် စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

စက်တင်ဘာ ၂၀ရက်မှစ၍ ကျေးလက်နေပြည်သူ သုံးသောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ခရမ်းမြို့နယ် ကျီးနီချောင်တိုက်နယ်ဆေးရုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

ကျွန်တော်တို့ စီးလာသည့် ပွဲထောင် မော်တော်ကလေးသည် လှိုင်းအိကလေးများကိုခွဲ၍ ခရမ်းချောင်းအတွင်း တရိပ်ရိပ်ပြေးလျက်ရှိသည်။ မအုန်းတံတား မော်တော်ဆိပ်ကခွာ၍ မကြာခင်မှာပင် ပြာသာဒ်ကျောင်း အညာစုတံတားသို့ရောက်သည်။ ထို့နောက် ဒေါ်နုတံတား၊ ဦးရန်နားတံတား၊ သံတံတားနှင့် ဆောက်လုပ်ရေးတံတားကြီးများအောက်မှ ခုတ်မောင်းခဲ့ပြီး ခရမ်းမြို့က ထွက်ခဲ့ကြသည်။ သွားရမည့်ခရီးဆုံးက

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပေါ်တူဂီ၌ ရေလှိုင်းမှ ဓာတ်အားထုတ်ယူပြီ

ပေါ်တို စက်တင်ဘာ ၂၄

ပေါ်တူဂီသည် ရေလှိုင်းအားမှနေ၍ ဓာတ်အားထုတ်ယူနိုင်သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း ပေါ်တူဂီအရာရှိများက စက်တင်ဘာ ၂၄ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ✳